# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ရက်၊ ၂၀၁၀ ခုနှစ်၊ စက်တင်ဘာ ၅ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၃၅)


| နိုင်ငံရေး ဦးတည်ချက်(၄)ရပ် | စီးပွားရေး ဦးတည်ချက်(၄)ရပ် | လူမှုရေး ဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး |
| * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး | * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး | * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး |
| * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး | * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

## ဆောက်လုပ်ရေးဝန်ကြီး ဦးခင်မောင်မြင့် ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၃ရက် နံနက် ၁၁နာရီခွဲတွင် မော်တော်ယာဉ်ဖြင့် ချောက်မြို့မှ ထွက်ခွာလာပြီး မန္တလေးတိုင်းဒေသကြီး လက်ပံခြေပေါ်ဘက်ကမ်းရှိ ရထားလမ်းနှင့်ကားလမ်း နှစ်လမ်းပါ ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ရောက်ရှိရာ အင်ဂျင်နီယာချုပ်(တံတား) ဦးရွှေလေးက တံတားတိုင်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ Pile Cap၊ Pile Shalt နှင့် Cross Beam များ တည်ဆောက်နေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက တံတားလုပ်ငန်းများ သတ်မှတ်ချိန်အမီ ပြီးစီးရေး နေ့/ညမပြတ် ဆောင်ရွက်ရန်၊ တံတားသံပေါင်များ ကြိုတင်ရောက်ရှိ အစီအမံများ ကြိုတင်ဆောင်ရွက်ထားရန်၊ တံတားတည်ဆောက်ရေးပစ္စည်းများ ပြတ်လပ်မှုမရှိအောင်

*စာမျက်နှာ ၉ ကော်လံ ၁* ❍

# ဖွံ့ဖြိုးတိုးတက်လာသော အင်ပူမြို့နယ်က ထူးကြီးမြို့သို့ လေ့လာရေးခရီးတစ်ခေါက်


➢ သတင်းဆောင်းပါး - မောင်မောင်ထွေး (သတင်းစဉ်)

➢ ဓာတ်ပုံ - ရဲထွဋ် (သတင်းစဉ်)


ရန်ကုန် စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်သို့ ရောက်ခိုက် ယခင်နှင့်မတူ ဖွံ့ဖြိုးတိုးတက်နေသော ထူးကြီးမြို့သို့ သွားရောက်လေ့လာဖြစ်ခဲ့သည်။

### ကြည်နူးလန်းဆန်း

မြို့ပြ၏ မွန်းကျပ်မှုများမှ ခေတ္တရှောင်ဖယ်၍ ကျေးလက်၏ ရင်ခွင်သို့ ပြေးဝင်ခိုလှုံခိုက်တွင် မျက်စိတစ်ဆုံး ရှုမျှော်မဆုံးနိုင်သော စိမ်းမြမြစပါးခင်းကြီးများ၊ သစ်ရိပ်ဝါးရိပ်တို့၏ စိမ်းစိမ်းစိုစို မြင်ကွင်းစုံတို့ကြောင့် ကြည်နူးလန်းဆန်းလှပါဘိသည်။

### ဖွံ့ဖြိုးတိုးတက်

သို့ဖြစ်လင့်ကစား ဖွံ့ဖြိုးတိုးတက်မှုကား ကျေးလက်နှင့် မြို့ပြ မခြားနားဘဲ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရ၏။ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်၏ ကြီးကြပ်စီစဉ်ပံ့ပိုးမှုဖြင့် အင်္ဂပူမြို့နယ်ရှိ တိုက်နယ်နှင့်ကျေးရွာတို့ကား ကဏ္ဍအလိုက် တစ်ပြေးညီ ပြောင်းလဲဖွံ့ဖြိုးတိုးတက်လျက်ရှိနေသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❒



ထူးကြီးမြို့ရှိ ကြီးပွားရေး e-Library တွင် ကျောင်းသားကျောင်းသူများ ကျောင်းမတက်မီ ဤသို့ စာပေများ လာရောက်ဖတ်ရှုလေ့ရှိကြသည်။



ဒေသအတွင်း လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာ ထူးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ကို ဤသို့ တွေ့ရသည်။

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် စက်တင်ဘာ ၅ ရက်)

## စိတ်ရင်းစေတနာကောင်းဖြင့် ရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေးကြိုးပမ်း

လူတိုင်းသည် မိမိဘဝကြီးပွားတိုးတက်လိုသောအခါ ရည်မှန်းချက်ပန်းတိုင်ထားရှိ ဆောင်ရွက်ရသည်။ ပညာရေးထွန်းပေါက်မှုအတွက် ရည်မှန်းချက်ပန်းတိုင်၊ စီးပွားရေးဖွံ့ဖြိုးမှုအတွက် ရည်မှန်းချက်ပန်းတိုင်စသည်ဖြင့် ရည်မှန်းချက်ပန်းတိုင်အမျိုးမျိုးကို ထားရှိဆောင်ရွက်ကြရသည်။

ကြီးပွားတိုးတက်လိုသူတိုင်းမှာ ရှိထားရမည့် အရည်အချင်းကောင်းတစ်ခုမှာ ဗြဟ္မစိုရ်တရားပွားများခြင်းဟူသော မြတ်သောအကျင့်ကို ကျင့်သုံးနိုင်ခြင်းပင်ဖြစ်သည်။

ဗြဟ္မစိုရ်အကျင့်ဆိုသည်မှာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများကို လက်ကိုင်ထားခြင်း၊ ကျင့်သုံးခြင်းဖြစ်သည်။ တစ်ဦးအပေါ်တစ်ဦး ကောင်းကျိုးလိုလားကာ မေတ္တာတရားရှိနေသမျှ မည်သည့်ပဋိပက္ခမျှ ဖြစ်ပေါ်လာမည်မဟုတ်ချေ။ တစ်ဦးပျက်စီးရာ ပျက်စီးကြောင်းကို တစ်ဦးက လိုလားပြီး မေတ္တာမထားနိုင်လျှင်သာ ပဋိပက္ခများ ဖြစ်ပေါ်နေမည်ဖြစ်သည်။

မိမိ၏ဘဝ တိုးတက်ရန်၊ မိမိ မိသားစုတိုးတက်ရန်၊ မိမိနိုင်ငံတိုးတက်ရန်အတွက် တစ်ပါးသူကို အားကိုး၍မရ။ မိမိကိုယ်ပိုင် အရည်အချင်းပေါ်တွင်သာ မူတည်ပေသည်။ လုပ်ငန်းစွမ်းဆောင်နိုင်မှု၊ ကြိုးစားအားထုတ်မှု၊ ရိုသေထိုက်သူကို ရိုသေမှု၊ ပူဇော်ထိုက်သူကို ပူဇော်မှုစသည့် ကိုယ်ပိုင်အရည်အချင်း၊ အရည်အသွေးများနှင့် ပြည့်စုံနေရမည်ဖြစ်သည်။

လူ့ကျင့်ဝတ်၊ လူ့စည်းကမ်းဥပဒေများကို ကောင်းစွာ သင်ကြားလိုက်နာခြင်းသည် ပညာရေး၊ စီးပွားရေး၊ ကုသိုလ်ရေး စသည်တို့ကို လုပ်ဆောင်ရာတွင် အောင်မြင်မှုရရှိပြီး သူတစ်ပါး၏ ကူညီထောက်ပံ့မှုကိုလည်း ရရှိနိုင်သည်။ မိမိအတွက် ထာဝရမိတ်ဆွေရရှိနိုင်သည်။ မိမိအခက်အခဲတွေ့ရှိသည့်အခါ ထာဝရမိတ်ဆွေသည်သာ အချိန်အခါ နေရာဒေသမရွေး ကူညီဖေးမသည်။

ထို့ကြောင့် လူတိုင်းသည် ကောင်းသောစိတ်ဓာတ်ကို မွေးမြူကြရမည်ဖြစ်သည်။ ကောင်းသောစိတ်ဓာတ်ဖြင့် တိုးတက်မှုအတွက် ပြိုင်ဆိုင်ကြရမည်။ မည်သည့်အကြောင်းအရာကိစ္စရပ်မဆို အချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းသည် အောင်မြင်မှုကို ရရှိနိုင်သည်။

ဘယ်သူ့တရားပျက်ပျက် ကိုယ်မပျက်ရ။ စေတနာသည်သာ မိမိကိုယ်ကို အကျိုးပေးသည်။ မေတ္တာတရားသည် မည်သည့် တိုက်ခိုက်ထိုးနှက်မှုကိုမဆို ခုခံကာကွယ်ပေးနိုင်သော စွမ်းအားတစ်ရပ်ဖြစ်သည်။

သို့ဖြစ်ပေရာ လူတိုင်းသည် စိတ်ရင်းစေတနာကောင်းထားရှိပြီး တစ်ဦးနှင့်တစ်ဦး အပြစ်မမြင် မေတ္တာနှင့်ယှဉ်၍ အရာရာကို လုပ်ကိုင်ဆောင်ရွက်သွားကြပါက ရည်မှန်းချက်ပန်းတိုင်သို့ မလွဲမသွေ ရောက်ရှိအောင်မြင်မည်သာဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြဝတီရုပ်မြင်သံကြား

၅-၉-၂၀၁၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ-အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရရှိတော်မူခြင်း (အပိုင်း-၂)
၇း၁၀ ၄။ ဓမ္မပူဇာတေး
၇း၂၀ ၅။ မျိုးချစ်တပ်မတော်
၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၀ ၄။ ကာတွန်းအစီအစဉ် **အမြွှာစုံထောက်** (အပိုင်း-၃၆)
၁၁း၃၅ ၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အန္တရာယ်တောင်ကုန်း**
၁၂း၃၀ ၆။ ကျန်းမာသုတ
၁၄း၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၆၇)

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၄း၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၀။ ဘဝကြေးမုံ **မိုးနှောင်း** (အပိုင်း-၂) ဇေယျာ၊ ချစ်စု၊ အိမ့်ဖူးငယ် ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)
၆း၅၀ ၁၁။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၄၆)
၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ နိုင်ငံတကာသတင်း
၁၅။ မိုးလေဝသသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ကျန်းမာသုတ
၁၈။ ပဟေဠိနန်းတော်
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အပြုံးပန်းကလေးရဲ့ဖန်ဆင်းရှင်** (အပိုင်း-၄)
၂၁။ **လင်းရောင်စဉ်အတွက်ပုံရိပ်များ** (အပိုင်း-၂၅)



## ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဦးစိုးနိုင် ဟိုတယ်ဝန်ထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် စက်တင်ဘာ ၄

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်သည် ယမန်နေ့ နံနက် ၁၁နာရီခွဲတွင် နေပြည်တော်ဟိုတယ်ဇုန် အမရဟိုတယ် မင်္ဂလာအစည်းအဝေးခန်းမ၌ နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှ မန်နေဂျာများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်များ၏ တည်ဆောက်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုများကို အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီရေးနှင့် သတ်မှတ်ကာလတွင် အချိန်မီပြီးစီးရေး၊ ဟိုတယ်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လှပရေးတို့အတွက် ဆောင်ရွက်ရန်ကိစ္စများကို ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**



## ကွင်းဆင်းစစ်ဆေး

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပဒေသာဈေးအတွင်း အိုင်အိုဒင်းဆားရောင်းချသည့်ဆိုင်များတွင် အိုင်အိုဒင်းဓာတ်ပါဝင်ခြင်း ရှိ မရှိ စစ်ဆေးမှုကို စက်တင်ဘာ ၁ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဦးစီးအရာရှိ ဦးတင်မောင်ဌေး၊ ဒုတိယဦးစီးမှူး(ဈေး) ဦးဝင်းအောင်သူနှင့် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်လျက် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

## မရမ်းကုန်းမြို့နယ် အထက(၂) ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မိဘဆရာအသင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် နှစ်ပတ်လည် အစည်းအဝေးနှင့် ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသူများအား ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၈ရက်(စနေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆုရကျောင်းသား ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

## ရွှေတောင်မြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ရွှေတောင် စက်တင်ဘာ ၄

ပဲခူးတိုင်း ဒေသကြီး(အနောက်ပိုင်း) သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သန်းဝင်းနှင့် ပြည်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းတို့၏ ဦးဆောင်မှုဖြင့် ရွှေတောင်မြို့နယ် သစ်တောဦးစီးဌာန၏ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၄ရက် နံနက် ၉နာရီခွဲက ရွှေတောင်မြို့နယ် တာဘူစားအုပ်စု ကုန်းတန်းကြီးကျေးရွာရှိ ကျေးရွာပိုင်စိုက်ခင်း၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်**(အောက်ပုံ)**နှင့် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးဖိုးချိုတို့က တာဘူစားအုပ်စု ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူများသို့ ပျိုးပင်များကို ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်၊ အတွင်းရေးမှူး ဦးရန်နိုင်မြင့်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တာဘူစားအုပ်စုအတွင်းရှိ ကျေးရွာ ၁၁ရွာတို့မှ ဒေသခံပြည်သူတို့က ယူကလစ်ပင် စုစုပေါင်း ၁၂၀၀ကို စုပေါင်းစိုက်ပျိုးပေးကြသည်။

### စိုက်ပျိုး

ရွှေတောင်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် တာဘူစားအုပ်စုအတွင်း ကျေးရွာပိုင်စိုက်ခင်း၌ ယူကလစ်ပင်ပေါင်း ၁၂၀၀၊တစ်အိမ်ထောင်ကျွန်းသုံးပင်ဖြင့် အိမ်ထောင်စု ၅၀၀တွင် ကျွန်းပင်ပေါင်း ၁၅၀၀၊ တစ်အိမ်ထောင်သစ်မာ အပင် ၂၀၊ အိမ်ထောင်စု ၁၇၀တွင် ယူကလစ်ပင်ပေါင်း ၃၄၀၀ စုစုပေါင်း အပင် ၆၁၀၀ကို စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)





# ဗောဓိပက္ခိယရုပ်ပွားတော်မြတ်စွာဘုရားကြီး

## ဂန္ဓကုဋိတိုက်တည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၄**

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ရွာကောက်ပန်းခင်းကွက်သစ် ဦးဗုဒ္ဓေါ် တောရကမ္မဋ္ဌာန်းကျောင်းတိုက်အတွင်း၌ တည်ထားကိုးကွယ်လျက်ရှိသည့် ဗောဓိပက္ခိယရုပ်ပွားတော်မြတ်စွာဘုရားကြီး ဂန္ဓကုဋိတိုက်တည်ဆောက်ရေးနှင့် အလှူငွေရရှိရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁နာရီက နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

**တက်ရောက်**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဗောဓိပက္ခိယရုပ်ပွားတော်မြတ်စွာဘုရားကြီးဂန္ဓကုဋိတိုက် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မင်းဇော်၊ လုပ်ငန်းကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဗောဓိပက္ခိယရုပ်ပွားတော်မြတ်စွာဘုရားကြီး ဂန္ဓကုဋိတိုက် တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးအောင်ကိုက အမှာစကားပြောကြားသည်။ ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးက ဖြည့်စွက်ဆွေးနွေးတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီဝင်များက အကြံပြု ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စိုက်ပျိုးရေး နည်းပညာပေး ဟောပြောဆွေးနွေးပွဲ အောင်လံမြို့၌ ကျင်းပ

**အောင်လံ စက်တင်ဘာ ၄**

သရက်ခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပညာပေးဝန်ထမ်းများအား နည်းပညာပေးဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၆ရက် နံနက်က သရက်ခရိုင် အောင်လံမြို့နယ် မန်နေဂျာရုံး၌ကျင်းပရာ အခမ်းအနားတွင် သရက်ခရိုင် ဥက္ကဋ္ဌ ဦးမြအေးက အမှာစကားပြောကြားပြီး**(အောက်ပုံ)** အခမ်းအနားသို့ ခရိုင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးဝင်းမောင် ဦးဆောင်သော ပညာပေးဝန်ထမ်း ၃၉ဦးတက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ရုံးချုပ် နည်းပညာပေး အဖွဲ့ခေါင်းဆောင် မန်နေဂျာ ဦးတင်ဝင်းက ရာသီဥတု၊ မြေဆီလွှာနှင့် ရေပေးသွင်းခြင်းဆိုင်ရာ ဘာသာရပ်၊ အဖွဲ့ဝင်မန်နေဂျာ ဒေါ်သူဇာမြင့်က အပင်အာဟာရဓာတ်များ အကျိုးရှိစွာသုံးစွဲရေးနှင့် တီကျစ်မြေဩဇာ ပြုလုပ်သုံးစွဲရေး ဘာသာရပ်၊ အဖွဲ့ဝင် ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ခင်လေးနွယ်က မျိုးကောင်းမျိုးသန့် ထုတ်လုပ်သုံးစွဲရေး ဘာသာရပ်နှင့် အဖွဲ့ဝင်ဒုတိယကြီးကြပ်ရေးမှူး ဒေါ်ခင်အေးပွင့်ခိုင်က သီးနှံပိုးမွှား ရောဂါကာကွယ်နှိမ်နင်းရေး ဘာသာရပ်များကို ပညာပေးဟောပြော ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**





# စာကြည့်တိုက် အလုပ်ရုံဆွေးနွေးပွဲ

## လှိုင်သာယာမြို့နယ် ညောင်ကျေးရွာ၌ကျင်းပ

**လှိုင်သာယာ စက်တင်ဘာ ၄**

လှိုင်သာယာမြို့နယ် ညောင်ကျေးရွာ ရွှေညောင်မြေစာကြည့်တိုက်ကို စံ(၅)ရပ်နှင့်ညီသည့် စာကြည့်တိုက်ဖြစ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၅ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ညောင်ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းထိုက်က အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစန်းအေးက စံ(၅)ရပ်နှင့်ညီသည့် စာကြည့်တိုက်ဖြစ်ရေး ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။**(မြို့နယ် ပြန်/ဆက်)**



# စင်ကာပူ ပညာသင်ဆုအတွက် ဝင်ရောက်ဖြေဆိုနိုင်

**ရန်ကုန် စက်တင်ဘာ ၄**

စင်ကာပူနိုင်ငံရှိ James Cook University (JCU) တွင် မဟာဘွဲ့ တက်ရောက်မည့်သူများအတွက် JCU က မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် စကောလားရှစ် ပေးအပ်သွားမည်ဖြစ်ရာ အောက်တိုဘာလတွင် JCU သို့ MBA (Master of Business Administration), MIT(Master of Information Technology) နှင့် Joint Master Degree ဖြစ်သည့် MBA+MIT (16 months) အပါအဝင် မဟာတန်းများအတွက် ကျောင်းဝင်ခွင့်လျှောက်ထားမည့် သူများထဲမှ ရွေးချယ်ပေးအပ်မည်ဖြစ်ကြောင်း သိရှိရသည်။ JCU တွင် Master တန်းများသို့ တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဘွဲ့တစ်ခုသာ ရရှိရန်လိုအပ်ပြီး လုပ်ငန်းအတွေ့အကြုံနှင့် အခြားသောစာမေးပွဲများဖြေဆိုရန် မလိုကြောင်း၊ အင်္ဂလိပ်စာအရည်အချင်းစစ် IELTS/ TOEFL မရှိသူများအနေဖြင့် JCU မှ စစ်ဆေးသော Internal English Test ကို Future Way Office တွင် ဖြေဆိုရမည်ဖြစ်ကြောင်း၊ စင်ကာပူ JCU မှ စကောလားရှစ်ရသူများသည် ( $$ 4000-8000) ရရှိမည်ဖြစ်ပြီး စကောလားရှစ်စာမေးပွဲကို စက်တင်ဘာ ၁၁ရက် မွန်းလွဲ ၂နာရီမှ ညနေ၄နာရီအထိ Park Royal Hotel-Ball Room(3) ၌ ကျင်းပမည်ဖြစ်ကြောင်း၊ စာမေးပွဲကျင်းပအပြီးတွင် JCU နှင့် ပတ်သက်သည့် ပညာရေးဆွေးနွေးပွဲကို ညနေ ၄နာရီမှ ၅နာရီအထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းစကောလားရှစ်စာမေးပွဲတွင် General Knowledge နှင့် Multiple Choice မေးခွန်းများ ဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲအကြိုအဖြစ် Future Way Education & Services မှ ဆရာ ဆရာမများက အခမဲ့ သင်တန်းပို့ချပေးမည်ဖြစ်သည့်အပြင် Singapore JCU သို့ အောက်တိုဘာလ Master တန်း ကျောင်းဝင်ခွင့်အတွက် Future Way Education & Services မှတစ်ဆင့် ကျောင်းအပ်နှံသူတိုင်းကို လေယာဉ်လက်မှတ် (One Way Ticket) ကိုပါ အခမဲ့ပေးမည်ဖြစ်သည်။ ထို့အပြင် အထူးအစီအစဉ်အဖြစ် စင်ကာပူနိုင်ငံ JCU မှ Mr.Det Fischer သည် စက်တင်ဘာ ၁၂ရက် နံနက် ၁၀နာရီမှ မွန်းတည့်၁၂နာရီအထိ တစ်ဦးချင်းဆွေးနွေးလိုသော ကျောင်းသား ကျောင်းသူများအတွက် Future Way ရုံးခန်းတွင် တစ်ဦးချင်းအသေးစိတ် ဆွေးနွေးပေးမည်ဖြစ်သည်။

အသေးစိတ်သိလိုပါက အမှတ် ၉ အခန်း(၆)အေ ယောမင်းကြီးလမ်းသွယ် (သမ္မတရုပ်ရှင်ရုံဘေး) သမ္မတကွန်ဒိုရှိ Future Way Education & Services ဖုန်း-၀၁-၂၄၁၀၉၉၊ ၂၅၄၁၈၅တို့သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းပြီး စာမေးပွဲ အကြိုပြင်ဆင်မှုသင်တန်းကို အခမဲ့ တက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၅-၉-၂၀၁၀ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလာသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ဝိပဿနာအလုပ်ပေး** တရားတော် (ဆရာတော်ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
- ၆:၄၀ ရေးမူလက်ရာလေ့လာစရာ ဖိုလ်ဝင်နှင့်ရွှေဘာတောင်တော်မှာ
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၄)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၈)
- ၈:၅၀ အစွမ်းထက်မြက်.... မြန်မာ့ဆေးစွမ်းတစ်လက်
- ၉:၁၀ Activities in the City - အေးငြိမ်းချမ်းသာ အောင်ဘာလေထီဆိုင်၏ သိန်း(၅၀၀)အပိုဆုနှင့် နှစ်ပတ်လည်အခမ်းအနား -အမေ့အိမ်၏ (၁၄)နှစ်မြောက်မှတ်တိုင်
- ၉:၄၀ Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
- ၁၀:၀၅ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (မောင်သိန်းဝင်း၏တေးများ)
- ၁၀:၁၅ အမျိုးသားများနှင့်ပတ်သက်သော အကြော၊ အဆစ်ရောဂါအကြောင်း သိကောင်းစရာ (အပိုင်း-၂) ဒေါက်တာပန်ဒိုရာအောင်ကြီး၊ နေတိုး၊ ထွန်းထွန်း၊ မိုးမိုး၊ ကျော်ကျော်ဗို
- ၁၀:၄၀ ဗီဒီယိုပြခန်း
- ၁၀:၅၅ ဈေးဝယ်လမ်းညွှန် (RICHY Fashion Square)
- ၁၁:၂၅ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၁၂:၀၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (လေးလေးနွယ်)
- ၁၂:၃၅ **လွှမ်းတင်သည့်ကြိုး** ဇင်ဝိုင်း၊ ဇင်မျိုး၊ မြတ်ကေသီအောင်၊ အိဖြိုးချယ်ရီ (ဒါရိုက်တာ- Nova)
- ၁:၀၀ **ဝိပဿနာအလုပ်ပေး** တရားတော် (ဆရာတော်ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း (ကိုယ်ပိုင်ကားရှိတာကောင်းတယ်၊ ကိုယ်ပိုင်ကားမရှိတာကောင်းတယ်)
- ၃:၃၀ Kids Show
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၈)
- ၄:၅၀ ရန်ကုန်မြင်ကွင်းကျယ် (CHIGO AIR CONDITIONERS ၏ Dealers ဆိုင်များအားဂုဏ်ပြုဆုချီးမြှင့်ပွဲ)
- ၅:၀၀ FMF Selection
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝက်ပါ** (အပိုင်း-၅)
- ၇:၂၅ သွားမယ်စားမယ် (HYPER Food Fusion)
- ၇:၅၀ ပန်းချီပြခန်း (Nine Art Exhibition)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ ဟိုတယ်လမ်းညွှန် (Mandalay Sedona Hotel)
- ၉:၀၀ နယည်ဆန်းထွင်သစ်သီးအလှဆင် (အရုံဟင်းလျာအလှဆင်နည်း)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၉၉)
- ၁၀:၁၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (မောင်သိန်းဝင်း၏တေးများ)
- ၁၀:၂၅ အစွမ်းထက်မြက်.... မြန်မာ့ဆေးစွမ်းတစ်လက်
- ၁၀:၄၅ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)
- ၁၁:၁၅ Talent Show (ကြည်နူးခံစားအမျိုးသမီးတို့ရဲ့ ဆိုင်းလက်သံများ)
- ၁၁:၃၀ ဘဝများ (ဂီတပညာရှင်နိုင်ဇော်၏ဘဝ)
- ၁၂:၀၀ Activities in the City - အေးငြိမ်းချမ်းသာ အောင်ဘာလေထီဆိုင်၏ သိန်း(၅၀၀)အပိုဆုနှင့် နှစ်ပတ်လည်အခမ်းအနား - အမေ့အိမ်၏ (၁၄)နှစ် မြောက်မှတ်တိုင်
- ၁၂:၃၀ **လွှမ်းတင်သည့်ကြိုး** ဇင်ဝိုင်း၊ ဇင်မျိုး၊ မြတ်ကေသီအောင်၊ အိဖြိုးချယ်ရီ (ဒါရိုက်တာ- Nova)
- ၁၂:၄၅ စက်မှုစီးပွားထုတ်ကုန်အား (Myanmar Marina)
- ၁:၁၅ Shooting Location (ခင်ယုမေအိမ်)
- ၁:၃၅ စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၂)
- ၂:၀၀ ရန်ကုန်မြင်ကွင်းကျယ် (CHIGO AIR CONDITIONERS ၏ Dealers ဆိုင်များအားဂုဏ်ပြုဆုချီးမြှင့်ပွဲ)
- ၂:၁၅ ရွှေဖြစ်မည့် ရတနာအစစ်....
- ၂:၂၅ စိတ်ကူးတို့နှင့်မြမြင့်မိုရ်
- ၂:၄၅ ငြိမ့်ညောင်းသာယာ စောင်းပညာ
- ၃:၁၅ **ရင်နှစ်ပန်းတို့လန်းစေချင်** ဖြိုးငွေစိုး၊ မိုးယုစံ၊ မျိုးသန္တာထွန်း၊ ခင်စိုးပိုင်၊ အေးသီတာ [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
- ၃:၂၅ SGED သက်ကြီးဆရာဝန် စောင့်ရှောက်ရေး
- ၃:၄၀ ရဲတပ်ဖွဲ့ကို ဂုဏ်ပြုစေသား မိုးမြင့်ထက်မှ လင်းယုန်များ
- ၄:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၅:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ကျေးရွာစာကြည့်တိုက်များသို့ သတင်းစာနှင့်ဂျာနယ်များ ပေးအပ်လှူဒါန်း

**တန့်ယန်း စက်တင်ဘာ ၄**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် တန့်ယန်းမြို့နယ်ရုံးက ကြီးမှူး၍ မြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်အတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စေတနာရှင် ပြည်သူများ လှူဒါန်းထားရှိသော သတင်းစာနှင့် ဂျာနယ်တို့ကို ကျေးရွာစာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးရှိ စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ကျေးရွာစာကြည့်တိုက်များသို့ စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးစိုင်းထွန်းကျော်က ရှင်းလင်းပြောကြားပြီး သတင်းစာနှင့် ဂျာနယ်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးညီညီလတ်နှင့် တာဝန်ရှိသူတို့က ပေးအပ်လှူဒါန်းခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**



# ပေါင်းမြက်ရှင်းလင်း

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများအဖွဲ့ လပွတ္တာမြို့ဝင်ဆိုင်းဘုတ်၌ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ ပေါင်းမြက် ရှင်းလင်းခြင်းနှင့် မြို့သာယာလှပရေး ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော် ဩဂုတ် ၂၈ရက်က ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

## နိုင် ငံ တ ကာ သ တင်း များ   နိုင် ငံ တ ကာ သ တင်း များ   နိုင် ငံ တ ကာ သ တင်း များ

# ကျူးဘားသမ္မတဟောင်း ဖီဒယ်ကက်စထရို လေးနှစ်အကြာ ပထမဆုံးပြည်သူများသို့ မိန့်ခွန်းပြောကြား



ကျူးဘား သမ္မတဟောင်း ဖီဒယ်ကက်စထရို။

**ဟာဗားနား စက်တင်ဘာ ၄**

ကျူးဘားသမ္မတဟောင်း ဖီဒယ်ကက်စထရိုသည် ၂၀၀၆ခုနှစ်က ညီဖြစ်သူ ရာအူးလ်ကက်စထရိုအား သမ္မတရာထူး လွှဲပြောင်းပေးခဲ့ပြီးနောက် စက်တင်ဘာ ၃ရက်က ပြည်သူများသို့ ပထမဆုံးမိန့်ခွန်းပြောကြားခဲ့သည်။

**သတိပေးပြောကြား**

အမေရိကန်နှင့် အစ္စရေးတို့သည် အီရန်နိုင်ငံ၏ နျူကလီးယားပိုင်ဆိုင်ရန်ကြိုးစားမှုအပေါ် အငြင်းပွားနေကြရာမှ နျူကလီးယား စစ်ပွဲဖြစ်လာနိုင်ကြောင်း မစ္စတာ ကက်စထရိုက ဟာဗားနားတက္ကသိုလ်၌ သတိပေးပြောကြားလိုက်သည်။

**တက်ရောက်**

ထိုနေ့က အသက် ၈၄နှစ်ရှိပြီဖြစ်သော ကျူးဘားသမ္မတဟောင်း ဖီဒယ်ကက်စထရိုသည် သံလွင်စိမ်းရောင် ယူနီဖောင်းကို အမှတ်တရအဖြစ် ဝတ်ဆင်ပြောကြားခဲ့ခြင်းဖြစ်သည်။ အခမ်းအနားသို့ ကျူးဘားပြည်သူ ၁၀၀၀၀ ကျော်တို့ တက်ရောက်ကြပြီး မစ္စတာကက်စထရို၏ မိန့်ခွန်းကို နားထောင်ခဲ့ကြသည်။

အမေရိကန်တို့အနေဖြင့် နျူကလီးယား စစ်ပွဲမဖြစ်ရေး ဟန့်တားပေးရန်လည်း ပြီးခဲ့သည့်လက တိုက်တွန်းပြောကြားခဲ့သည်။

(အင်တာနက်)

# ကိုလံဘီယာတပ်ဖွဲ့ဝင်များ သူပုန်စခန်းကိုဝင်စီး သူပုန် ၁၁ဦးအား သုတ်သင်ရှင်းလင်းနိုင်ခဲ့

ဘိုဂိုတာ စက်တင်ဘာ ၄

**ဗင်နီဇွဲလားနယ်စပ်တွင်ဖြစ်ပွားခဲ့သော တိုက်ပွဲတွင် မိမိတို့၏တပ်ဖွဲ့ဝင်များက အနည်းဆုံး သူပုန် ၁၁ဦးကို ချေမှုန်းသုတ်သင်နိုင်ခဲ့ကြောင်း ကိုလံဘီယာသမ္မတ မစ္စတာဆန်တို့စ်က စက်တင်ဘာ ၄ရက်တွင် ပြောကြားသည်။**

**ပြောကြား**



ကိုလံဘီယာသမ္မတ မစ္စတာဆန်တို့စ်။

တိုက်လေယာဉ်နှင့် ရဟတ်ယာဉ်များကိုပစ်ကူပေးခဲ့သည့် မိမိတို့မြေပြင်စစ်ကြောင်းသည် ကိုလံဘီယာပြောက်ကျားအဖွဲ့နှစ်ဖွဲ့နေထိုင်သည့် အီးအယ်လ်အဖွဲ့စခန်းကို သိမ်းနိုင်ခဲ့ကြောင်း ကိုလံဘီယာ တပ်အကြီးအကဲက ပြောကြားသည်။

**ပိတ်ဆို့တိုက်ခိုက်**

အဆိုပါတိုက်ပွဲသည် အာရာကာဒေသ(အရှေ့ပိုင်း) ဆာရာဗေးနီးယားဒေသအနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းတိုက်ပွဲမှာ ကာကွက်တာဒေသတောင်ပိုင်း၌ ရဲတပ်ဖွဲ့ဝင် ၁၄ဦး ချုံခိုတိုက်ခိုက်ခံရပြီး နောက်တစ်နေ့တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သူပုန်များက စက်တင်ဘာ၂ရက်တွင် အဆိုပါရဲတပ်ဖွဲ့ဝင်များ၏ယာဉ်တန်းကို လမ်းဘေးဗုံးများ၊ စက်သေနတ်များဖြင့် ပိတ်ဆို့တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ (အင်တာနက်)

# ရုရှားမီးလောင်မှု တရားခံပြေး စပိန်နိုင်ငံတွင် ရဲဖမ်းဆီး

**မက်ဒရစ် စက်တင်ဘာ ၄**

ရုရှားနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးသည် ၄င်း၏ညကလပ် မီးလောင်မှုဖြစ်ပွားပြီးနောက် စပိန်နိုင်ငံသို့ ထွက်ပြေးခဲ့သည်။ ၄င်းအား စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ဖမ်းဆီးလိုက်ကြောင်း စပိန်ရဲအဖွဲ့က စက်တင်ဘာ ၃ရက်တွင် ပြောကြားသည်။

**ဖမ်းဆီး**

ရုရှားနိုင်ငံ မော်စကိုမြို့ မြောက်ဘက် ကီလိုမီတာ ၁၁၅၀အကွာ ပန်မြို့၌ ၂၀၀၉ ခုနှစ်က လိမ်းဟောက်စ် ညကလပ် မီးလောင်မှုဖြစ်ပွားရာ လူပေါင်း ၁၅၆ ဦး သေဆုံးခဲ့ရသည်။ ၄င်းမီးလောင်မှု တာဝန်ရှိသူ စတန်အင်မာရီခင်အား စပိန်ရဲအဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

**ထောင်ဒဏ်**

မာရီခင်သည် ယင်းမီးလောင်မှုနှင့် ပတ်သက်ပြီး ထောင်ဒဏ် ၁၀နှစ် ကျခံရဖွယ်ရှိကြောင်း ရဲအဖွဲ့က ပြောကြားသည်။

**အမ်အင်န်အေ၊ရိုက်တာ**



# အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲ နောက်ဆုံးအခွင့်အလမ်းဖြစ်မည်ဟု ဟီလာရီကလင်တန် သတိပေး

**နယူးယောက် စက်တင်ဘာ ၄**

လက်ရှိဆွေးနွေးလျက်ရှိသော အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲများသည် ပဋိပက္ခများ ဖြေရှင်းနိုင်မည့် နောက်ဆုံးအခွင့်အလမ်း ဖြစ်လိမ့်မည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၏ ပြောကြားချက်ကို စက်တင်ဘာ ၃ရက်တွင် သတင်းဖော်ပြသည်။

နှစ်ဖက်စလုံးက အပြုသဘောမဆောင်ဘဲ အဖျက်သဘော ဆောင်လာလျှင် ဆွေးနွေးပွဲသည် အောင်မြင်လိမ့်မည်မဟုတ်ကြောင်း အစ္စရေးပါလက်စတိုင်းပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ဟီလာရီကလင်တန်က ပြောကြားသည်။

**မျှော်လင့်ချက်**

အစ္စရေးနှင့် ပါလက်စတိုင်းတို့၏ ငြိမ်းချမ်းရေး မျှော်လင့်ချက်သည် ယခုဆွေးနွေးနေသော ဆွေးနွေးပွဲမအောင်မြင်ခဲ့လျှင် နောင်တွင်အောင်မြင်စရာလမ်းကြောင်း နည်းလိမ့်မည်ဖြစ်ကြောင်း သူမက ပြောသည်။

အစ္စရေးနှင့်ပါလက်စတိုင်းခေါင်းဆောင်များနှစ်နှစ်နီးပါးကြာပြီး ပထမဆုံးတိုက်ရိုက်ဆွေးနွေးပွဲပြီးနောက် မစ္စစ်ကလင်တန်က အထက်ပါအတိုင်း ပြောဆိုခဲ့ခြင်း ဖြစ်သည်။

**ယုံကြည်မိ**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အာဘတ်စ်တို့အနေဖြင့် လက်ရှိဆွေးနွေးနေသော တိုက်ရိုက်ဆွေးနွေးပွဲကိုလည်း အောင်မြင်အောင်ဆွေးနွေးနိုင်လိမ့်မည်ဟုယုံကြည်မိကြောင်း ၄င်းကဆက်လက်ပြောကြားသည်။(**အပေါ်ပုံ**) (**အင်တာနက်**)

# ဂိုဏ်းဖွဲ့ရာဇဝတ်မှုများတိုက်ဖျက်ရေး အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ဟု မက္ကဆီကိုသမ္မတ ပြောကြား

**မက္ကဆီကိုစီးတီး စက်တင်ဘာ ၄**

မက္ကဆီကိုသမ္မတ ဖိလစ်ကာလ်ဒီရွန်က ဂိုဏ်းဖွဲ့ရာဇဝတ်မှုများ တိုက်ဖျက်ရာတွင် အစိုးရ၏အောင်မြင်မှုများကို စက်တင်ဘာ ၃ရက်က ပြောကြားလိုက်သည်။

**စွမ်းဆောင်အောင်မြင်**

စတုတ္ထအကြိမ်မြောက် နှစ်ပတ်လည်မိန့်ခွန်းတွင် သမ္မတကာလ်ဒီရွန်က သူ့အစိုးရ၏ စွမ်းဆောင်အောင်မြင်မှုများကို ပြောကြားလိုက်ခြင်းဖြစ်သည်။

ဂိုဏ်းဖွဲ့ ရာဇဝတ်မှုများနှင့် ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ၁၈၁၀ပြည့်နှစ် လွတ်လပ်ရေးတိုက်ပွဲ၊ ၁၉၁၀ပြည့်နှစ် တော်လှန်ရေးတို့နှင့် နှိုင်းယှဉ်၍ ၄င်းက ရှင်းလင်း ပြောကြားသည်။

တိုက်ပွဲအတွင်းတွင် အပြစ်မဲ့ပြည်သူများအပါအဝင် လူ့အသက်ပေါင်းများစွာ သေကျေရကြောင်း၊ မိမိတို့အားလုံးလိုလားသည့် လုံခြုံသော မက္ကဆီကိုနိုင်ငံ ဖြစ်လာအောင် မိမိတို့တိုက်ပွဲကို ဆက်လက်ဆင်နွှဲသွားရမည်သာဖြစ်ကြောင်း သမ္မတကာလ်ဒီရွန်က ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

# ဟာရီကိန်းမုန်တိုင်းအားလ် မြောက်ကယ်ရိုလိုင်းနားသို့ အားပျော့ဝင်ရောက်

**နယူးယောက် စက်တင်ဘာ ၄**

ဟာရီကိန်းမုန်တိုင်း အားလ်သည် စက်တင်ဘာ ၄ရက်က မြောက်ကယ်ရိုလိုင်းနားသို့ အားပျော့ဝင်ရောက်သွားပြီဖြစ်သည်။ ထိုမုန်တိုင်းဒဏ်ကြောင့် ရေကြီးမှုဖြစ်ပေါ်ခဲ့သည်။ (**အောက်ဝဲပုံ**)



**ဆက်လက်တိုက်ခတ်**

ဤမုန်တိုင်းသည် တစ်နာရီ မိုင်၇၀ နှုန်းဖြင့် တိုက်ခတ်လျက်ရှိရာ ဒိုဖာစကော့တီးယား ကမ်းခြေသို့ ဆက်လက်တိုက်ခတ်နေကြောင်း အမေရိကန်ဟာရီကိန်းဌာနက ပြောသည်။

**စေလွှတ်**

ယင်းမုန်တိုင်းသည် ဆက်လက် အားပျော့သွားနိုင်ကြောင်း၊ အမေရိကန်တွင် ရေကြီးမှုအနည်းငယ်သာ ဖြစ်နိုင်ကြောင်း၊ မြောက်ကယ်ရိုလိုင်းနားသို့ အဖျားခတ်တိုက်ခတ်သွားသဖြင့် လျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ရကြောင်း၊ ကမ်းခြေစောင့် တပ်ဖွဲ့ဝင် ၈၀ စေလွှတ်ပြီး မြောက်ကယ်ရိုလိုင်းနားတွင် ကယ်ဆယ်ရေးလုပ်ငန်းများ ကူညီပေးရန် စေလွှတ်ခဲ့ကြောင်းသိရသည်။

**ကြေညာ**

အဆိုပါမုန်တိုင်းကြောင့် လောင်းအိုင်းလန်းနှင့် ကိတ်ကော့ဒ်ဒေသများ၌ လေပြင်းမုန်တိုင်းများတိုက်ခတ်ခဲ့ကြောင်း ဟာရီကိန်းဌာနက ကြေညာသည်။

**အားပျော့လာ**

အဆိုပါ မုန်တိုင်းသည် ယခုအခါ မက်ဆာချူးဆက်ပြည်နယ် အရှေ့တောင်ဘက် ၉၃ မိုင်အကွာတွင် တည်ရှိနေပြီး အားကောင်းရာမှ အားပျော့လာသည်။

(အင်တာနက်)

# အီရတ်၌ရေနံလုပ်ကွက်သစ်များ ရုရှား-နော်ဝေး အကျိုးတူလုပ်ဆောင်

**ဘာဆာရာ စက်တင်ဘာ ၄**

အီရတ်နိုင်ငံ ဘာဆာရာပြည်နယ် အနောက်ပိုင်း ကွာနာရေနံလုပ်ကွက်နှစ်ခုမှ ရေနံ စည်ပေါင်း ၁၂ဒသမ ၉ဘီလီယံကို ၂၀၁၃ခုနှစ်တွင် စတင်ကာထုတ်လွှတ်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံရေနံကုမ္ပဏီတစ်ခုက စက်တင်ဘာ ၃ရက်တွင် ပြောကြားသည်။

အဆိုပါရေနံလုပ်ကွက်အား နော်ဝေးနိုင်ငံပိုင် ရေနံကုမ္ပဏီနှင့် ရုရှားနိုင်ငံ၏ အကြီးဆုံးရေနံကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ၂၀၀၉ ခုနှစ်ကတည်းက သဘောတူစာချုပ် ချုပ်ဆိုထားခဲ့ကြသည်။

**ထွက်ရှိ**

အီရတ်နိုင်ငံတောင်ပိုင်းရှိ ကမ္ဘာ့အကြီးဆုံးသော ရေနံတွင်းသစ်ဖြစ်သည့် ကွာနာရေနံလုပ်ကွက်သည် ၁၃နှစ်ကျော်ကာလအတွင်း ရေနံတန်ချိန် ၁၉သန်း ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားရှိပြီး နေ့စဉ်ရေနံစည်ပေါင်း ၁ဒသမ ၈သန်း ထွက်ရှိမည်ဖြစ်သည်။ (အင်တာနက်)

# ပြန်ပေးဆွဲခံရသည့် ဘီဟာပြည်နယ်ရဲများ မော်ဝါဒီသူပုန်တို့ သတ်ဖြတ်ခဲ့ဟုဆို

**ဘီဟာ စက်တင်ဘာ ၄**

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်မှ မော်ဝါဒီသူပုန်အုပ်စုသည် ရဲတပ်ဖွဲ့ဝင် လေးဦးအား ပြန်ပေးဆွဲသွားပြီးနောက် တစ်ဦးကိုသတ်ဖြတ်ခဲ့ကြောင်း စက်တင်ဘာ ၃ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

**သတ်ဖြတ်ခဲ့**

ရဲစုံစမ်းရေးမှူးလူးကက်စ်တေတီး၏ အလောင်းကို ပြန်လည်တွေ့ရှိရကြောင်း၊ ကျန်ရဲတပ်ဖွဲ့ဝင်များ၏ကံကြမ္မာမှာ မရေရာကြောင်း၊ ဖမ်းဆီးထားသောမော်ဝါဒီအကျဉ်းသားရှစ်ဦးအား ပြန်လွှတ်မပေးခဲ့သည့်အတွက် စက်တင်ဘာ၂ရက်ကဖမ်းဆီးထားသော ရဲတပ်ဖွဲ့ဝင်များကို စတင်သတ်ဖြတ်ခဲ့ကြောင်း သူပုန်အဖွဲ့ကပြည်နယ်တာဝန်ရှိသူများအား ပြောကြားသည်။

**ပြန်ပေးဆွဲ**

အဆိုပါ ရဲတပ်ဖွဲ့ဝင် လေးဦးအား စက်တင်ဘာ ၁ရက်က ရဲတပ်ဖွဲ့နှင့် သူပုန်အဖွဲ့ တိုက်ပွဲဖြစ်ပွားပြီးနောက် သူပုန်များက ပြန်ပေးဆွဲသွားခဲ့ခြင်း ဖြစ်သည်။

ရဲစုံစမ်းရေးမှူးတေတီး၏ အလောင်းကိုမူ စက်တင်ဘာ ၃ရက် နံနက်ပိုင်းက တွေ့ရှိခဲ့သည်ဟု ဆိုသည်။

**တိုက်ထုတ်**

အိန္ဒိယလုံခြုံရေးတပ်များက အချို့ပြည်နယ်များတွင် မော်ဝါဒီများအား တိုက်ထုတ်လျက်ရှိသည်။

ယခုနှစ်ပထမ ခြောက်လအတွင်း မော်ဝါဒီတို့၏ တိုက်ခိုက်မှုကြောင့် လုံခြုံရေး တပ်ဖွဲ့ဝင် ၂၀၀ကျော် သေဆုံးခဲ့ရသည်။

**ဖြစ်ပွား**

သူပုန်တပ်ဖွဲ့နှင့် ဘီဟာပြည်နယ်ရဲတပ်ဖွဲ့ဝင်များသည် လွန်ခဲ့သည့် သီတင်းပတ်ကုန်ပိုင်းက လာခီဆာရိုင်းခရိုင်၌ တိုက်ပွဲဖြစ်ပွားခဲ့သေးကြောင်း သိရှိရသည်။

(အင်တာနက်)

5-9 (04).pmd 1 9/5/2010, 2:14 AM

# ပါကစ္စတန်မှ မပြီးဆုံးသေးသည့် ဗုံးခွဲအကြမ်းဖက်မှုများ

➤ တိုး - ရေးသားသည် ➤

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ကွက်တာမြို့ ဗီဝန်ချောင်းရပ်ကွက်တွင် ပါလက်စတိုင်းနိုင်ငံထူထောင်ရေး ကြွေးကြော်အင်အားပြသည့် ရှီးယိုက်လူနည်းစုလူအုပ်ကြီးအတွင်း စက်တင်ဘာ ၃ရက်က အသေခံဗုံးခွဲမှုတစ်ရပ် ဖြစ်ပွားခဲ့သည်။




ပါကစ္စတန်နိုင်ငံ အကြမ်းဖက်မှု မကြာခဏ ဖြစ်ပွားလျက်ရှိသည့် ကွက်တာမြို့ မြေပုံ။

## အသေခံဗုံးခွဲ

ဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၅၀ ကျော် သေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။ ရှီးယိုက်လူနည်းစုအုပ်စုကြီးကို ဗုံးခွဲတိုက်ခိုက်ခြင်းမှာ ရက်သတ္တပတ်အတွင်း ဒုတိယအကြိမ် အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ပန်ဂျပ်ပြည်နယ် လာဟိုးမြို့၌ အလားတူပင် စက်တင်ဘာ ၁ရက်က ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။ ထိုအသေခံဗုံးခွဲတိုက်ခိုက်မှုတွင် ၃၁ဦး သေဆုံးပြီး ၂၈၀ကျော် ဒဏ်ရာရရှိခဲ့သည်။

ဤအသေခံဗုံးခွဲမှုများကို ပါကစ္စတန် တာလီဘန် စစ်သွေးကြွများက သူတို့ လက်ချက်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

## ရင်ဆိုင်ကြုံတွေ့

ပါကစ္စတန်နိုင်ငံမှာ ရေလွှမ်းမိုးမှု အန္တရာယ်ဖြင့် ပြည်သူအများအပြား ရင်ဆိုင်ကြုံတွေ့နေရစဉ်တွင် မြွေပူရာကင်းမှောင့်ဆိုသလို တာလီဘန်တို့၏ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ကြုံတွေ့ရခြင်း ဖြစ်သည်။

ပါကစ္စတန်ရှီးယိုက်ခေါင်းဆောင် အယ်လာမာအာဘတ်စ်ကူမာလီကမူ ပါကစ္စတန် ရုပ်မြင်သံကြားမှတစ်ဆင့် ပြည်သူများအနေဖြင့် စိတ်ကိုထိန်းသိမ်းကြရန် မေတ္တာရပ်ခံပြီး ဤအကြမ်းဖက်လုပ်ရပ်များမှာ ဆွန်နီနှင့် ရှီးယိုက်အုပ်စုများအချင်းချင်း မသင့်တင့်အောင် သပ်လျှိုသွေးထိုးရန် ကြိုးပမ်းခြင်းဖြစ်ကြောင်း သဘောပေါက်နားလည်အောင် ကြေညာခဲ့သည်။

လူဦးရေ သန်း ၁၆၀ရှိသည့် ပါကစ္စတန်နိုင်ငံသည် ဆွန်နီတို့ ကြီးစိုးသည့်နိုင်ငံ ဖြစ်သည်။ ရှီးယိုက်နှင့် ဆွန်နီလူဦးရေ အနည်းအများအချိုးမှာ ၁ း ၅ ဖြစ်သည်။

ပါကစ္စတန် အနောက်မြောက်ပိုင်းရှိ လူနည်းစုများမှာလည်း ဂိုဏ်းဂဏအုပ်စုချင်း တိုက်ခိုက်မှုများတွင် မကြာခဏ ဓားစာခံများ ဖြစ်ကြရသည်။

## ကလဲ့စားချေ

ပါကစ္စတန် တာလီဘန်များက အကြမ်းဖက်တိုက်ခိုက်နေခြင်းမှာ ပြီးခဲ့သည့်နှစ်က ဆွန်နီခေါင်းဆောင်တစ်ဦးကို သတ်ဖြတ်လိုက်ခြင်းအပေါ် ကလဲ့စားချေသည့်အနေဖြင့် ဗုံးခွဲတိုက်ခိုက်ဆင်နွှဲရခြင်းဖြစ်သည်ဟု ထုတ်ဖော်ကြေညာသည်။

အဆိုပါ ဆွန်နီခေါင်းဆောင်မှာ အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန် စီအိုင်အေစခန်းတစ်ခုကို တိုက်ခိုက်မှုဖြင့် အမေရိကန်တို့အလိုရှိနေသည့် ထိပ်တန်းအယ်လ်ခိုင်ဒါခေါင်းဆောင်နှင့် ပါကစ္စတန် တာလီဘန်အုပ်စုများနှင့် အဆက်အသွယ်ရှိသူဟုစိန်အယ်ယီမင်နီဖြစ်သည်။ သူသည် ဗုံးခွဲမှုများနှင့် အသေခံတိုက်ခိုက်မှုများတွင် အထူးကျွမ်းကျင်သူဖြစ်ပြီး အမေရိကန် မောင်းသူမဲ့လေယာဉ်၏ ပစ်ခတ်မှုကြောင့် ပြီးခဲ့သည့်နှစ်က သေဆုံး သွားခြင်းဖြစ်သည်။

## သေဆုံး

၂၀၀၈ခုနှစ် ဩဂုတ်လကတည်းက အမေရိကန် မောင်းသူမဲ့လေယာဉ်များ၏ တိုက်ခိုက်မှုများကြောင့် စစ်သွေးကြွများအပါအဝင် ပြည်သူရာပေါင်းများစွာ သေဆုံးခဲ့ကြရသည်။

ပါကစ္စတန်နိုင်ငံ၌ ဂိုဏ်းဂဏတိုက်ပွဲများဆိုင်ရာ ရှည်ကြာသည့် သမိုင်းများရှိခဲ့သည်။ ပန်ဂျပ် ဂျီဟတ်အဖွဲ့အစည်းများနှင့် ဆက်ခံသူ တာလီဘန်များအတွက် ပြိုင်ဘက်အုပ်စုများမှာ အစဉ်အလာအရ အဓိက ပစ်မှတ်များဖြစ်ကြသည်။ ၁၉၈၀ပြည့်လွန်နှစ်များ နှောင်းပိုင်းမှစ၍ ပါကစ္စတန်ရှီးယိုက်များမှာ ပစ်မှတ်ဖြစ်လာသည်။

## အကြမ်းဖက်

ယခုအခါ ပါကစ္စတန်နိုင်ငံ၌ လက်သံအပြောင်ဆုံး လက်နက်ကိုင်အုပ်စုဖြစ်သည့် လက်ရှကာအီးအုပ်စုသည် အကြမ်းဖက် သတ်ဖြတ်မှုကို အများဆုံး ကျူးလွန်ခဲ့သည်။ ထိုအုပ်စုသည် ဆက်လက်၍ လက်နက်ကိုင် အကြမ်းဖက်လျက်ရှိသည်။

လက်နက်ကိုင်အဖွဲ့အစည်းများအပေါ် ချေမှုန်းမှု လျော့ပါးသည်နှင့်အမျှ ပါကစ္စတန် ဂျီဟတ်လက်နက်ကိုင်များ ပြန်လည်ခေါင်းထောင်လာသည်။ ဤသို့ လက်နက်ကိုင်များအချင်းချင်း အုပ်စုဖွဲ့ပြီး မတည့်နေသမျှ ကာလပတ်လုံး လက်နက်ကိုင် အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှုများကို ဆက်လက်မြင်တွေ့နေရဦးမည် ဖြစ်ပါကြောင်း။ ။ **(အင်တာနက်)**

**ပါကစ္စတန်နိုင်ငံ ကွက်တာမြို့ ဗီဝန်ချောင်းရပ်ကွက်၌ စက်တင်ဘာ ၃ရက်က ဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်ကို ဤသို့ တွေ့ရသည်။**



# မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်းများ

အာကာကျော် - စုစည်းသည်

## နေတိုးထောက်ပံ့ရေးယာဉ်တန်း ပါကစ္စတန်နယ်စပ်၌ တိုက်ခိုက်ခံရ

*အစ္စလမ္မာဘတ် စက်တင်ဘာ ၄*

*ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်၌ နေတိုးထောက်ပံ့ရေးယာဉ်တန်းကို သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ပေါက်ကွဲမီးလောင်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း ပြည်နယ်အာဏာပိုင်အဖွဲ့က စက်တင်ဘာ ၃ရက်တွင် သတင်းထုတ်ပြန်သည်။*



*အဆိုပါယာဉ်တန်းသည် အာဖဂန်နစ္စတန်ရှိ အမေရိကန်ဦးဆောင်တပ်ဖွဲ့များကို အစားအစာများထောက်ပံ့ရန် သယ်ဆောင်လာခြင်းဖြစ်ကြောင်း၊ အာဖဂန်ရှိ ကန်တပ်ဖွဲ့အား ထောက်ပံ့ပေးပို့ရာတွင် ပါကစ္စတန်နယ်စပ်မှာ အဓိက လမ်းကြောင်းဖြစ်သည်ဟု အဆိုပါ သတင်း၌ ဖော်ပြထားသည်။*

*လွန်ခဲ့သည့် သုံးနှစ်ကျော်ကြာ ကာလအတွင်းမှ စတင်ကာ နေတိုးထောက်ပံ့ရေးယာဉ်တန်းများ တိုက်ခိုက်ခံရမှုကြောင့် မော်တော်ယာဉ်များ ရာချီ၍ ပျက်စီးခဲ့ရသည်။*

*(အင်တာနက်)*

## အမေရိကန်ကုန်တင်လေယာဉ်တစ်စင်း ဒူဘိုင်းလေဆိပ်၌ ပျံတက်စဉ်ပျက်ကျ

*ဒူဘိုင်း စက်တင်ဘာ ၄*

*အမေရိကန် ကုန်တင်လေယာဉ်တစ်စင်းသည် စက်တင်ဘာ ၃ရက် ညပိုင်းက ဒူဘိုင်းမြို့ အဝေးပြေးကားလမ်းမကြီး နှစ်ခုအကြား ပျက်ကျသွားခဲ့ကြောင်း ယူအေအီး တာဝန်ရှိသူများက ပြောကြားသည်။*



*ဘိုးရင်း ၇၄၇-၄၀၀ ကုန်တင်လေယာဉ်သည် အမေရိကန် ယူပီအက်စ် ကုမ္ပဏီပိုင် လေယာဉ်ဖြစ်ကြောင်း လေကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။*

*မီးလောင်နေသော လေယာဉ်ကို မီးသတ်သမားများက မီးငြိမ်းသတ်ပြီး လေယာဉ်မှူးနှစ်ဦး၏ အလောင်းကို ထုတ်ယူခဲ့ရကြောင်း ကုမ္ပဏီကြေညာချက်တွင် ဖော်ပြသည်။ ၎င်းလေယာဉ်သည် ဒူဘိုင်းလေဆိပ်မှ ပျံတက်ပြီး မကြာမီ ပျက်ကျသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။* ***(အင်တာနက်)***

## အာဖဂန်၌ ဗုံးပေါက်ကွဲ၊ ရဲတပ်ဖွဲ့ဝင်များသေဆုံး

*ကဘူးလ် စက်တင်ဘာ ၄*

*အာဖဂန်နစ္စတန်နိုင်ငံ ကွန်ဒုဇ်ပြည်နယ်မြောက်ပိုင်း၌ စက်တင်ဘာ ၄ရက်က ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ ရဲတပ်ဖွဲ့ဝင်လေးဦးနှင့် အရပ်သားသုံးဦး သေဆုံးသွားကြောင်း ပြည်နယ်တာဝန်ရှိသူများက ပြောကြားသည်။*

*အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုသည် တာလီဘန်လက်နက်ကိုင်များက အာဖဂန်အစိုးရနှင့် နေတိုးတပ်များကို ထောက်ခံနေသူများအား ပစ်မှတ်ထား တိုက်ခိုက်သွားရန် သန္နိဋ္ဌာန်ချထားခဲ့ပြီးနောက် ယခုနှစ်အတွင်း သွေးထွက်သံယိုဖြစ်ပွားမှု အများဆုံး တိုက်ခိုက်မှုပင် ဖြစ်သည်။*



*ယင်းပေါက်ကွဲမှုသည် မော်တော်ဆိုင်ကယ်အတွင်း ထောင်ထားသောဗုံးဖြစ်ပြီး ပေါက်ကွဲမှုဖြစ်ပွားရာတွင် အချို့ ဒဏ်ရာရပြီး အနီးအနားရှိ စျေးဆိုင်အများအပြားလည်း ပျက်စီးသွားကြောင်း ကွန်ဒုဇ် ပြည်နယ်အုပ်ချုပ်ရေးမှူး မိုဟာမက်အိုမာက ပြောကြားသည်။*

*တာလီဘန် တိုက်ခိုက်ရေးခံတပ်များသည် နိုင်ငံတောင်ပိုင်းမှ မြောက်နှင့်အနောက်ဘက်ဒေသများတွင် တိုးပွားလာသည်နှင့်အမျှ အာဖဂန် အရပ်သားများ၊ အစိုးရတပ်ဖွဲ့ဝင်များနှင့် နေတိုးတပ်ဖွဲ့ဝင်များ၏ သေဆုံးမှုမှာလည်း တိုးလာနေကြောင်း မိုဟာမက်အိုမာက ဆက်လက်ပြောကြားသည်။* အမ်အင်န်အေ၊ ဆင်ဟွာ

## မာလောအမည်ရှိမုန်တိုင်း တရုတ်အရှေ့ပိုင်းသို့ ဦးတည်တိုက်ခတ်

*ပေကျင်း စက်တင်ဘာ ၄*

*မာလောအမည်ရှိ အပူပိုင်းမုန်တိုင်းသည် တရုတ်နိုင်ငံအရှေ့ပိုင်းသို့ ဦးတည်တိုက်ခတ်နေကြောင်း တရုတ်မိုးလေဝသဌာနက စက်တင်ဘာ ၄ရက်တွင် ထုတ်ပြန်ကြေညာသည်။*

*လိုင်းယွန်းရော့မုန်တိုင်းသည် စက်တင်ဘာ ၃ရက်က ဂွမ်ဒေါင်းပြည်နယ်တောင်ပိုင်း၌ အားပျော့သွားပြီဖြစ်သော်လည်း တစ်နာရီ ၁၀ကီလိုမီတာနှုန်းဖြင့် အနောက်ဘက်သို့ ရွေ့လျားနေသည်။*

*သို့ရာတွင် မာလောအမည်ရှိမုန်တိုင်းသည် တစ်နာရီ ၂၀ကီလိုမီတာနှုန်းဖြင့် အနောက်မြောက်ဘက်သို့ ရွေ့လျားနေရာ စက်တင်ဘာ ၄ရက် ညပိုင်း၌ တရုတ်အရှေ့ပိုင်းသို့ ဝင်ရောက်ဖွယ်ရှိကြောင်း တရုတ်မိုးလေဝသဌာနက ကြေညာသည်။*

***အမ်အင်န်အေ၊ ဆင်ဟွာ***



## ပရဆေးပင်များ အမျိုးစုံလင်စွာ စိုက်ပျိုး ရှားပါးပရဆေးပျိုးပင်များ စုဆောင်းထားရှိနိုင်ရေးကြိုးပမ်း

နေပြည်တော် စက်တင်ဘာ ၄

**နေပြည်တော် အမျိုးသားပရဆေးဥယျာဉ် တိုးချဲ့အဆင့်မြှင့်တင်ရေး လုပ်ငန်းကော်မတီအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂နာရီက နေပြည်တော် အမျိုးသားပရဆေးဥယျာဉ် ရှင်းလင်းဆောင်ခန်းမ၌ကျင်းပရာ နေပြည်တော် အမျိုးသားပရဆေးဥယျာဉ် တိုးချဲ့ အဆင့်မြှင့်တင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။** (အပေါ်ပုံ)

### ကြိုးပမ်းဆောင်ရွက်

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အဖွင့်အမှာစကားပြောကြားရာ၌တိုင်းရင်းဆေး ပရဆေးဥယျာဉ်အတွင်း ပရဆေးပင်များ အမျိုးစုံလင်စွာ စိုက်ပျိုးထားရှိသွားရန်နှင့် ရှားပါးပရဆေးပျိုးပင်များ များများစုဆောင်းထားရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပရဆေးဥယျာဉ် သာယာဖွံ့ဖြိုးတိုးတက်စေရေးအတွက် မွမ်းမံပြုပြင် ထိန်းသိမ်းမှု လုပ်ငန်းကို ထိရောက်သော တိုးတက်စေသည့် နည်းလမ်းများဖြင့် ဝိုင်းဝန်းကူညီ အကြံပြုဆွေးနွေးဆောင်ရွက်စေလိုကြောင်း တိုက်တွန်းမှာကြားသည်။

### အကြံပြုဆွေးနွေး

ထို့နောက် တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မြင့်က ပရဆေးဥယျာဉ်အတွင်း တိုးချဲ့မြှင့်တင်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး အစည်းအဝေး တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြချက်များအပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပညာရည်ချွန်ဆုပေးပွဲ တမူးမြို့၌ ကျင်းပ

တမူး စက်တင်ဘာ ၄

၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများနှင့် သင်ကြားပေးသည့် ဆရာ ဆရာမများအား ဂုဏ်ပြုချီးမြှင့်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ အခြေခံပညာအထက်တန်းကျောင်း ကဘော်ခန်းမ၌ ဩဂုတ် ၁၄ရက် နံနက် ၉နာရီက ကျင်းပရာ အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးကောင်းစံဦးက အမှာစကား ပြောကြားပြီးနောက် ထူးချွန် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ရာ လေးဘာသာဂုဏ်ထူးရှင်နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင်လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၃ဦး စုစုပေါင်း ၃၆ဦးနှင့် သင်ကြားပေးသော ဆရာ ဆရာမများ ၁၃ဦးတို့အား ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆု ချီးမြှင့်ခဲ့ကြောင်းသိရသည်။

**(ဝ၃၁)**

## ပုသိမ်မြို့ အထက(၂) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ပုသိမ် စက်တင်ဘာ ၄**

ပုသိမ်မြို့ အထက(၂) (ယခင်နေရှင်နယ်အမျိုးသားကျောင်း)၌ တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားကြသော ဆရာ ဆရာမကြီးတို့အား မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ရက်တွင် ကျင်းပမည်ဖြစ်သည်။ အဆိုပါမြတ်ဆရာပူဇော်ပွဲအတွက် စက်တင်ဘာ ၁ရက်က ပုသိမ်မြို့ ယိုးဒယားကုန်းလမ်းနေ ဦးခင်မောင်မြင့်-ဒေါ်စန်းစန်းမြင့် (မြင့်-ခရီးသွားလုပ်ငန်းမိသားစု)က ငွေကျပ်နှစ်သိန်းလှူဒါန်းရာ ကျောင်းသားဟောင်း ဦးအောင်ခ လက်ခံယူသည်။ **(အောက်ပုံ)** (၁၅၇)



## တောင်သူလက်တွေ့ ပိုးမွှားပညာပေးသင်တန်း သနပ်ပင်မြို့နယ်၌ဖွင့်

**ပဲခူး စက်တင်ဘာ ၄**

ပဲခူးတိုင်းဒေသကြီး မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း သီးနှံကာကွယ်ရေး ဌာနခွဲက ဖွင့်လှစ်သော တောင်သူလက်တွေ့ ပိုးမွှား ပညာပေးသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၅ ရက်က ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကမာစဲစံပြကျေးရွာ အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)၌ ကျင်းပရာ အခမ်းအနားသို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးသန်းဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်း၊ တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်တင်တင်ထွေး၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးရဲကိုကိုနှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များနှင့် သင်တန်းသား တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေး မန်နေဂျာဦးသန်းဦး**(ဝဲပုံ)**မြို့နယ်ဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်းတို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးသီးနှံကာကွယ်ရေးတာဝန်ခံက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းတွင် ဘက်စုံသီးနှံကာကွယ်ရေး နည်းလမ်းမျိုးစုံ၊ ဓာတုပိုးသတ်ဆေး၏ ဆိုးကျိုးနှင့် ပိုးသတ်ဆေး စနစ်တကျ ကိုင်တွယ်သုံးစွဲနည်းများ၊ သီးနှံအလိုက် ပိုးမွှားရောဂါပေါင်း ပြဿနာနှင့် ဖြေရှင်းနည်းများကို စာတွေ့၊ လက်တွေ့ ပို့ချခဲ့ကြောင်းသိရသည်။ **(စိုက်ပျိုးရေး)**



## ငွေချည်(၆)ဝါ စိုက်ပျိုးထုတ်လုပ်မှုမြှင့်မားရေး မြင်းခြံခရိုင်၌ ပညာပေးဆွေးနွေး

**မြင်းခြံ စက်တင်ဘာ ၄**

မြင်းခြံခရိုင် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ဝါနှင့်ပိုးချည်လုပ်ငန်းဌာန ခရိုင်မန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၂၃ ရက်က ကျင်းပသည်။ ဖွင့်ပွဲအခမ်းအနားသို့ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြင်းခြံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုလုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

### ဆွေးနွေးပြောကြား

ဖွင့်ပွဲအခမ်းအနားတွင် မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှမိုးက အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေး လုပ်ငန်း ဝါနှင့်ပိုးချည်လုပ်ငန်းဌာန(ရုံးချုပ်)မှ အထွေထွေမန်နေဂျာ ဦးမြင့်ဆွေက ငွေချည်(၆) ချည်မျှင်ရှည်ဝါ အထွက်တိုးရေးအတွက် လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

ပညာပေးဆွေးနွေးပွဲတွင် ဝါသုတေသနနှင့် ခြံများတာဝန်ခံရုံးမှ ဒုတိယအထွေထွေမန်နေဂျာ ဒေါ်မြခင်၊ လက်ထောက်မန်နေဂျာ ဒေါ်တင်မာအေးနှင့် လွန်ကျော် ဝါသုတေသနနှင့် မျိုးပွားခြံမှ ဒေါက်တာဒေါ်တင်မာမာဦးတို့က ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ပျိုး ထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် အသေးစိတ်ဆွေးနွေးပို့ချခဲ့သည်။

**(စိုက်ပျိုးရေး)**



## စာကြည့်တိုက် အဆောက်အအုံသစ် တွံတေး၌ ဖွင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၄**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေး မြို့နယ် ရှမ်းစုကျေးရွာအုပ်စု ညောင်တံခါးကျေးရွာ ရွှေတံခါးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ရက် နံနက်၁၀နာရီက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန့်ဇင်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန့်ဇင်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဦး၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးမြသောင်း(ငြိမ်း)တို့က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာအုပ်စာစောင် တိုးပွားရေးနှင့် စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် စာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်စာစောင် ၁၅၀၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့က ခြောက်လစာအတွက် သတင်းစာစောင်ရေ ၁၈၀၊ ညောင်တံခါးကျေးရွာ အလှူရှင် ဦးစိုးဝင်း၊ ဦးမောင်ချို၊ ဦးအောင်ဇော်သန်းနှင့် ဦးကြီးစိန်တို့က စာအုပ်စာစောင်မျိုးစုံ ၁၈၀ နှင့် ရပ်မိရပ်ဖ ဦးသာဟန်က စာကြည့်တိုက်အတွက် ရေဒီယိုတစ်လုံး ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## အိုင်အိုဒင်းဆား

**ပဲခူးမြို့နယ် စည်ပင်သာယာရေး ဈေးများရှိ ကုန်စုံဆိုင်များတွင် အိုင်အိုဒင်းပါဝင်သောဆား ရောင်းချခြင်း ရှိမရှိ စစ်ဆေးခြင်းကို အမှုဆောင်အရာရှိ၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးမှူး-၂ ဦးသက်လွင်၊ အဖွဲ့ဝန်ထမ်းများနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဩဂုတ်၂၀ရက်က စစ်ဆေးဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



## News Watch (စောင့်ကြည့်)ဂျာနယ်ထွက်ပြီ

**ရန်ကုန် စက်တင်ဘာ ၄**

အထပ်မြင့်အဆောက်အအုံသစ်များ ဆောက်လုပ်ရာတွင် ကပ်လျက်အဆောက်အအုံများ အက်ကွဲပျက်စီးမှုများရှိနေ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် ငွေကျပ် သန်းငါးထောင်ကျော်သုံးစွဲ၊ မော်တော်ယာဉ်ပြပွဲ မန္တလေးတွင် ဦးဆုံးအကြိမ်ကျင်းပမည်၊ သိန်း ၆၀၀ ကျော်တန်ဖိုးရှိ သက်တမ်းလွန် ပစ္စည်းမျိုးစုံ မန္တလေးမြို့တွင် မြေမြှုပ်မီးရှို့ ဖျက်ဆီး၊ တွံတေး-ဒလ လမ်းပိုင်းအချို့ပြုပြင်သင့်၊ တားမြစ်ရေသတ္တဝါများ ဈေးအချို့တွင် ရောင်းချနေ၊ ၂၀၁၀ခုနှစ် မီးလောင်ကျွမ်းမှုနှင့် ဆုံးရှုံးမှုတန်ဖိုး အများဆုံးဖြစ်၊ လိုင်းကားများတွင် ငွေအကြွေပြဿနာများ ရှိနေဆဲ၊ အရှေ့အလယ်ပိုင်းဒေသနိုင်ငံများသို့ ကဏန်းပျော့တင်ပို့၊ ဗိုလ်ချုပ်ဈေး စကြီလမ်းအမိုးနှင့် မျက်နှာကြက်အချို့ ပျက်စီးယိုယွင်းနေ၊ တရုတ်-နိုင်ငံတကာ ကုန်သွယ်ရင်းနှီးမြှုပ်နှံမှုပွဲသို့ မြန်မာလုပ်ငန်းရှင်များတက်ရောက်နိုင်၊ ဗီယက်နမ်ကုန်သည်အချို့ မြန်မာ့ကျောက်စိမ်းပန်းပုများ ဝယ်ယူရန်ကမ်းလှမ်း၊ မြန်မာငါးသလောက် တရုတ်(တိုင်ပေ)တွင် မွေးမြူရန် နည်းလမ်းရှာ၊ မောင်သန်းဆွေ(ထားဝယ်)၏ ချစ်ရေးမညီသည့် မေရီမိဖုရား၊ လူကုန်ကူးမှု ထောင်ဒဏ် တစ်သက်အထိ အပြစ်ပေးခံရနိုင်၊ ဒေါက်တာအောင်ခင်ဆင့်၏ သွေးတိုးအကြောင်း သိမှတ်စရာများ၊ မောင်သာနိုး၏ သတင်းထဲက ကိုရီးယား၊ မောင်ချစ်စု၏ အီရတ်ရွေးကောက်ပွဲနှင့် ဒီမိုကရေစီ၊ ရွှေစင်ကိုကို၏ ဩစတြေးလျ ရွေးကောက်ပွဲနှင့် မရေရာသေးတဲ့ ပါလီမန်၊ ထွဋ်ဝင်းထွဋ်၏ မဖြေရှင်းနိုင်သေးတဲ့ အိန္ဒိယဆင်းရဲမွဲတေမှုပြဿနာ၊ ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်က အီရတ်စစ်ပွဲပြီးဆုံးကြောင်း ပြောကြား၊ လေးရက်ကြာ တရုတ်ရေတပ်လေ့ကျင့်မှု စတင်၊ လေ့ကျင့်ခန်း အနည်းငယ်မျှ ပြုလုပ်ခြင်းဖြင့် ကင်ဆာရောဂါ ပျောက်ကင်းနိုင်၊ မနီလာ ဓားစာခံ သေဆုံးမှု၊ လူ့အခွင့်အရေးခေါင်းဆောင် မာတင်လူသာကင်း၊ မြောက်ကိုရီးယားမှ ပြန်လည်လွတ်မြောက်လာသည့် အမေရိကန်နိုင်ငံသား ဌာနေပြန်၊ အီရန်အပေါ် စစ်ရေးအရ တိုက်ခိုက်မှုပြုလျှင် အစ္စရေးနိုင်ငံသာ ပျက်သုဉ်းမည်၊ တိုင်းပြည်ကို နောက်ထပ် ၁၂နှစ် အုပ်ချုပ်ရန် ဗလာဒီမာပူတင် မျှော်မှန်းထား အစရှိသည့် ကမ္ဘာ့အရေး၊ မြန်မာ့အရေး သတင်းအစုံအလင်ဖြင့် News Watch (စောင့်ကြည့်) ဂျာနယ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

**(သတင်းစဉ်)**

❒ *ရှေ့ဖုံးမှ*

မဲဇလီကုန်း တိုက်နယ်ကျေးရွာသည်လည်း အင်္ဂပူမြို့နယ်နှင့်မခြားနား တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးနေ၏။

**ဖွင့်လှစ်နိုင်**

ခမ်းနားထည်ဝါပြီး ပရိသတ် ၁၀၀၀ ကျော်ဆံ့ ဗိုလ်အောင်ကျော်ခန်းမကို ၂၀၀၆ခုနှစ် ဩဂုတ်လ ၁၉ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

မဲဇလီကုန်းတိုက်နယ်တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တစ်ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း ခြောက်ကျောင်းရှိရာ အခြေခံပညာမူလတန်းကျောင်း လေးကျောင်းကို အသစ်ပြန်လည်တည်ဆောက်ကာ ကျန်ကျောင်းများကို ဥပဓိရုပ်ကောင်းမွန်ရေးအတွက် ပြုပြင်မွမ်းမံတည်ဆောက်ပေးခဲ့၍ ဒေသခံရင်သွေးငယ်များ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ကြပြီဖြစ်သည်။ ဤကျောင်းတို့မှ မိမိဒေသ၊ မိမိရပ်ရွာနှင့် မိမိတို့နိုင်ငံကို ပြန်လည်အကျိုးပြုကျေးဇူးဆပ်နိုင်ကြမည့် လူ့စွမ်းအားအရင်းအမြစ်ပေါင်းများစွာ ပေါ်ထွက်လာဦးမည်ကို ကြိုတင်မှန်းဆမြင်ယောင်မိပေသည်။



**"အဘွားတို့ ငယ်ငယ်တုန်းက ဒီလို ဘယ်ဟုတ်လိမ့်မတုန်း"**
ကုန်းဇောင်းကျေးရွာမှ အဘွား ဒေါ်တင်လှနှင့် ဒေါ်အုန်းမြ။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သကဲ့သို့ ဆက်သွယ်ရေးအနေဖြင့်လည်း မခက်ခဲလှပါ။ လိုင်းအင်အား ၂၅၀ရှိ ဒစ်ဂျစ်တယ် အော်တိုတယ်လီဖုန်း စခန်းရုံးတည်ရှိပြီး အော်တိုတယ်လီဖုန်း ၁၄၅လုံး၊ PCO ဖုန်းတို့ဖြင့် ဆက်သွယ်အသုံးပြုနိုင်ကြပြီဖြစ်သည်။

**စာအံသံ**

မဲဇလီကုန်းတိုက်နယ်မှလွန်သော် လယ်ကွင်းပြင်မှ စိမ်းစိမ်းစိုစိုမြင်ကွင်းနှင့်အတူ ရင်သွေးငယ်တို့၏ ညီညီညာညာစာအံသံကိုကြားမိ၍ ကြည်နူးမှုနှင့်အတူ ခေတ္တရပ်နား အပန်းဖြေခဲ့ကြ၏။

ထိုရွာကား ကုန်းဇောင်းကျေးရွာတည်း။ ရင်သွေးငယ်များ ညီညီညာညာ စာအံနေသည့်ကျောင်းမှာ ကုန်းဇောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဖြစ်ပြီး RC သံကူကွန်ကရစ် အခိုင်အမာအဆောက်အအုံဖြစ်ကာ လက်ရှိ ကျောင်းသားဦးရေ ၁၁၀ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

**လှူဒါန်းဆောက်လုပ်**

အဆိုပါကျောင်းကို သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်၊ ဇနီးဒေါ်ခင်ဌေးမြင့် မိသားစုက လှူဒါန်းဆောက်လုပ်ခဲ့ခြင်း ဖြစ်ပြီး ၂၀၀၉ခုနှစ်က ဖွင့်လှစ်ပေးခဲ့သည်။ မူလက ပျဉ်ခင်း၊ ပျဉ်ကာ ကျောင်းမျှသာ ဖြစ်သည်။

ကျောင်းရှေ့တွင် ဒေသခံအသက် ၇၀ကျော်အရွယ်ရှိ အဘွားဒေါ်တင်လှနှင့် ဒေါ်အုန်းမြတို့က ကျွန်တော်တို့ကို လှမ်းနှုတ်ဆက်၍ မမျှော်လင့်ဘဲ စကားစမြည် ပြောဆိုခွင့်ရခဲ့သည်။

"ငါ့တူတွေ ဒီကျောင်းမှာ ဘာကိစ္စရှိလို့တုန်း"။

**ဝမ်းသာစရာ**

"ဟုတ်ကဲ့၊ အဘွားတို့ရွာကျောင်းကို သတင်းစာထဲမှာ မှတ်တမ်းတင်မလို့ အဘွားရေ"။

"ဩော်....အဘွားမြေးတွေလည်း ဒီကျောင်းမှာ တက်နေတယ်။ ဒီလိုကျောင်းမျိုး အဘွားတို့ရွာမှာ ဆောက်ပေးတာ ဝမ်းသာစရာ သိပ်ကောင်းပါတယ်ကွယ်၊ အဘွားတို့ ငယ်ငယ်တုန်းကဆို ဒီလို ဘယ်ဟုတ်လိမ့်မတုန်း"

ဒေသခံအဘွားတို့၏ စကားသံများကား ရင်တွင်းက ဆန္ဒအသံ၊ ဆန္ဒအမှန်များဖြစ်သည်ကို သူတို့၏ ရိုးသားသော မျက်နှာပြင်တွင် အထင်းသားပေါ်လွင် သက်သေပြလျက်ရှိဘိသည်။

ကျွန်တော်တို့သည် ကုန်းဇောင်းကျေးရွာမှ ဒေသခံ အဘွားတို့အား နှုတ်ခွန်းဆက်၍ ထူးကြီးမြို့သို့ ဆက်လက်ခရီးဆက်ခဲ့သည်။

**အောင်မြင်ဖြစ်ထွန်း**

ထူးကြီးမြို့အဝင်သို့ ရောက်သော် လမ်းဘေးဝဲယာ တစ်လျှောက်ရှိ အောင်မြင်ဖြစ်ထွန်းသော ကျွန်းစိုက်ခင်းများက တညီတညွတ်တည်းဆီး၍ ကြိုဆိုနှုတ်ဆက်နေကြ၏။ ကိုင်းများကို ချိုင်ထား၍ ကျွန်းပင်ပျိုများသည် မိုးယံထက်သို့ ညီညာဖြောင့်တန်းစွာ လုတက်နေကြ၏။

ထူးကြီးမြို့တွင် ရပ်ကွက်၊ ကျေးရွာ ၁၃ခုပါဝင်ပြီး ၆၈၆၅၈ဧက ကျယ်ဝန်းကာ လူဦးရေ ၉၃၁၆ဦး နေထိုင်ကြ၏။



**ထူးကြီးမြို့၏ ကျက်သရေဆောင် မြို့တော်ခန်းမကလည်း မြို့၏ ဖွံ့ဖြိုးတိုးတက်မှုကို သက်သေပြလျက်....။**

ကျေးလက်၏ စီးပွားရေးမှာ စိုက်ပျိုးမွေးမြူရေးဖြစ်သည်နှင့်အညီ ထူးကြီးမြို့တွင် စပါးနှင့် ဆီထွက်သီးနှံ မြေပဲ၊ မတ်ပဲနှင့် နှမ်းတို့ကို အဓိက စိုက်ပျိုးကြ၏။

ထူးကြီးမြို့၏ နောက်ကြောင်းရာဇဝင်နှင့်စပ်လျဉ်း၍ ရှေ့မီနောက်မီ အငြိမ်းစားကျောင်းအုပ်ကြီး ဦးညွန့်မောင်က ဤသို့ ရှင်းပြပါသည်။

"လက်ရှိ ထူးကြီးမြို့သည် ယခင်က ကျွန်းတောရွာလေးဖြစ်ခဲ့ကြောင်း၊ ယခုရှိရင်းစွဲ ထူးကြီးလေးရွာကိုသာ ထူးကြီးရွာဟု ခေါ်ဆိုခဲ့ကြကြောင်း၊ ထူးခေါင်းအင်းကို အစွဲပြု၍ ခေါ်ဆိုခြင်းဖြစ်ကြောင်း၊ ဟသ်ာတ-ကြံခင်း ရထားလမ်း ပေါ်ပေါက်သောအခါ ထူးကြီးကျောက်မိုင်းမှ ကျောက်များ ထုတ်လုပ်ရန်အတွက် အင်္ဂလိပ်တို့က ထူးကြီးဘူတာ တည်ဆောက်ရန် ယခင် ကျွန်းတောရွာစပ်တွင် အကွက်ရိုက်သတ်မှတ်ရာမှ ထူးကြီးမြို့ဖြစ်လာကြောင်း၊ သို့ဖြစ်၍ ယခင်က ရှိရင်းစွဲ ထူးကြီးရွာမှာ ယခု ထူးကြီးလေးရွာဖြစ်သွားခဲ့ကြောင်း" ရှင်းပြပါသည်။

**အံ့မခန်း**

တစ်ဆက်တည်းမှာပင် အဘ ဦးညွန့်မောင်က "ယခုလက်ရှိ ထူးကြီးမြို့ကတော့ အဘတို့ ငယ်ငယ်တုန်းကနဲ့ မတူတော့ဘူး၊ ဖွံ့ဖြိုးတိုးတက်လာလိုက်တာ အံ့မခန်းပါပဲ"။

မှန်ပေသည်။ ထူးကြီးမြို့သည် မြို့ပြတစ်ခုအလား ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်နေ၍ ကျွန်တော်တို့အဖို့ လေ့လာဖွယ်ရာများက မကုန်နိုင်တော့ချေ။

**အချက်အချာကျ**

လမ်းပန်းဆက်သွယ်ရေးအားဖြင့်လည်း အချက်အချာ ကျလှပေသည်။ ထူးကြီးဘူတာသည် ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်းပေါ်တွင် တည်ရှိပြီး ဟသ်ာတ-ဘုရားပေါ်၊ ဘုရားပေါ်-သရက်၊ သရက်-မင်းလှ ခရီးစဉ်များကို လက်ရှိ ပြေးဆွဲပေးလျက်ရှိသည်။

အလားတူ ကြံခင်း - ပုသိမ်၊ ကြံခင်း-ဟသ်ာတသို့ စာပို့လွန်းပြန်ရထား၊ လော်ကယ်ရထားတို့ဖြင့်လည်းကောင်း၊ ဟသ်ာတ-ဘုရားပေါ်၊ ဘုရားပေါ်-သရက်၊ သရက်-မင်းလှ ခရီးစဉ်များကို RBE ရထားဖြင့်လည်းကောင်း၊ ဟသ်ာတ-ထူးကြီးသို့ ကားရထားဖြင့်လည်းကောင်း ပြေးဆွဲပေးလျက်ရှိရာ ထူးကြီးဘူတာတွင် တစ်နေ့လျှင် ပျမ်းမျှ ခရီးသည် ၂၅၀ နှင့် ၃၀၀ကြားရှိကြောင်း သိရသည်။

**ကောင်းမွန်**

ကျွန်တော်တို့ သတင်းအဖွဲ့ကို အံ့ဘနန်းဖြစ်စေသည့် ထူးကြီးမြို့၏ ဖွံ့ဖြိုးတိုးတက်မှုများမှာ မြို့ကျက်သရေဆောင် မြို့တော်ခန်းမ၊ e-Library နှင့် ဥပဓိရုပ် ကောင်းမွန်လှသော ကျောင်းများပင် ဖြစ်ပါသည်။

ထူးကြီးမြို့ မြို့တော်ခန်းမကို ၂၀၀၂ခုနှစ် မတ်လ ၂၄ရက်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၀၅ ခုနှစ် မတ်လ ၂၆ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ပေသည်။ ကုန်ကျငွေ စုစုပေါင်း ကျပ် ၂၂၃သိန်းကျော်ရှိပြီး ပရိသတ် ၆၀၀ကျော် ဝင်ဆံ့သည်။ ခမ်းနားထည်ဝါမှုက မြို့၏ကျက်သရေကို ဂုဏ်ရောင်ပြောင်စေသည်။

**မွေးထုတ်ပေး**

အလားတူ ထူးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းဆောင်သစ်တို့ကလည်း ဒေသအတွက် လူ့စွမ်းအားအရင်းအမြစ်များကို များစွာ မွေးထုတ်ပေးလျက်ရှိသည်။ ကျွန်တော်တို့ သတင်းအဖွဲ့သည် ကျောင်းခန်းမရှိ အဆိုပါကျောင်းမှ မွေးထုတ်ပေးခဲ့သော တပ်မတော်အရာရှိများ၊ ထူးချွန်ကျောင်းသားများ၏ ဓာတ်ပုံများကို အစီအရီ တွေ့မြင်ခဲ့ရသည်။



**ထူးကြီးမြို့ ပြည်သူ့ဆေးရုံရှိ ခွဲစိတ်ခန်းကို ဤသို့ တွေ့ရသည်။**

အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံပေ ၃၀နှင့် အမြင့် ၂၄ပေရှိ သံကူကွန်ကရစ် အမျိုးအစား နှစ်ထပ်ကျောင်းဆောင်ဖြစ်သည်။ တစ်ခန်းလျှင် ကျောင်းသားဦးရေ ၄၈ဦးဆံ့ စာသင်ခန်း ခြောက်ခန်း ပါဝင်ပြီး ကွန်ပျူတာခန်းနှင့် မာတီမီဒီယာစာသင်ခန်း တစ်ခန်းစီပါဝင်သည်။ တန်ဖိုးအားဖြင့် ငွေကျပ် ၁၈၆၈ သိန်းဖြစ်သည်။

ထို့အတူ RC သံကူကွန်ကရစ် အမျိုးအစား တိုးချဲ့ကျောင်းဆောင်သစ်မှာလည်း စာသင်ခန်းသုံးခန်းနှင့် ခန်းမဆောင်တစ်ဆောင် ပါဝင်ပြီး တန်ဖိုးအားဖြင့် ငွေကျပ်သိန်း ၈၀၀ ဖြစ်သည်။

ကျောင်းအုပ်ဆရာမကြီး ဒေါ်တီတီက "လက်ရှိကျောင်းသားဦးရေ ၁၅၄၇ဦးရှိပြီး အင်္ဂပူမြို့နယ်တွင် ကျောင်းသားဦးရေ အများဆုံးဖြစ်ကြောင်း၊ ဂုဏ်ထူးရရှိမှု၊ အောင်ချက်မြင့်မားမှုကြောင့် အင်္ဂပူမြို့နှင့် ရွာနီးချုပ်စပ်တို့မှ ကျောင်းသားကျောင်းသူများပင် လာရောက်ပညာသင်ကြားလျက်ရှိကြောင်း၊ ယခင်က ကျောင်းနှင့် အတန်းဦးရေ မမျှမတ ဖြစ်ခဲ့ရကြောင်း၊ ယခု တိုးချဲ့ကျောင်းဆောင်သစ်နှင့် ကျောင်းဆောင်သစ်တို့ကို ထပ်မံ ဆောက်လုပ်ဖွင့်လှစ်နိုင်ခဲ့၍ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ပြီဖြစ်ကြောင်း၊ ကျောင်းဆောင်သစ်များ ဆောက်လုပ်နိုင်ရေးအတွက် ကြိုးကြပ်ပံ့ပိုးသူ အဘ ဝန်ကြီး ဦးသိန်းအောင်နှင့် အလှူရှင်များအား ကျောင်းသားမိဘများသာမက ဒေသခံပြည်သူများကပါ အလွန်ကျေးဇူးတင်လျက်ရှိကြကြောင်း"ဖြင့် ပြောကြားသည်။

**မွမ်းမံဖွင့်လှစ်**

ဆက်လက်၍ ထူးကြီးမြို့ (၄) ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းသို့ရောက်ရှိခဲ့ကြရာ ကျောင်းအုပ်ဆရာကြီး ဦးတင်မြင့်က "လက်ရှိကျောင်းသားဦးရေ ၅၀၉ဦး ပညာသင်ကြားလျက် ရှိပါတယ်။ ဟသ်ာတခရိုင်အတွင်းမှာ ကျောင်းသားဦးရေ အများဆုံးကျောင်းပါပဲ။ မူလကျောင်းဆောင်တုန်းက ကျောင်းသားဦးရေ ၄၀၀ကျော်ရှိပြီး အတန်းနဲ့ ကျောင်းသားဦးရေ မမျှခဲ့ဘူး။ ဒါကြောင့် ၂၀၀၆ခုနှစ် ဇန်နဝါရီ ၁ရက်မှာ အလျားပေ ၁၃၀၊ အနံပေ ၃၀ အုတ်ညှပ်ကွန်ကရစ် နှစ်ထပ်ကျောင်းဆောင်ကို အသစ်မွမ်းမံဖွင့်လှစ်ပေးခဲ့ပါတယ်။ ဒီမူလတန်းကျောင်းက နိုင်ငံတော်ကို အကျိုးပြုတဲ့ နိုင်ငံသားကောင်းရတနာများကို ရှေးယခင်ကတည်းက မွေးထုတ်ပေးနိုင်ခဲ့ပါတယ်။ ယခုလို အသစ်ပြုပြင်မွမ်းမံဖွင့်လှစ်ပေးခဲ့တဲ့အတွက် ဒေသခံတွေအားလုံး ဝမ်းသာမဆုံး ဖြစ်နေကြပါတယ်"ဟု ရှင်းလင်းပြောကြားပါသည်။

**ပိုမိုမြင့်မား**

ထူးကြီးမြို့၏ လက်ရှိ ပညာရေးအခင်းအကျင်းစီမံမှုများက အနာဂတ်အတွက် များစွာ အထောက်အကူဖြစ်စေသကဲ့သို့ ကြီးပွားရေး e-Library စာကြည့်တိုက်ကလည်း ဒေသခံပြည်သူများ၏ အသိပညာ ဗဟုသုတကို ပိုမိုမြင့်မားစေပါလိမ့်မည်။

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများနှင့် သုတရသ စာအုပ်ပေါင်း ၁၄၈၇၉ အုပ် ရှိသည်။

**ဆွတ်ခူးရရှိ**

စာအုပ်များကို အလှူရှင်များက အခါအားလျော်စွာ ပေးပို့လှူဒါန်းလျက်ရှိကြပြီး စာဖတ်ရှုသူ၊ အင်တာနက်ကြည့်ရှုသူ တစ်နေ့လျှင်ပျမ်းမျှ ၁၂၀မှ ၁၆၀အထိ ရှိသည်။ ၂၀၀၇ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဆုဒုတိယ၊ ၂၀၀၉ခုနှစ်တွင် ပထမဆုများပင် ဆွတ်ခူးရရှိခဲ့ဖူးသည်။ လက်ရှိ အသင်းဝင်ပေါင်း ၄၄၇၉ဦးအထိ ရှိသည်။

ထို့အတူ အလယ်စုကျေးရွာတွင်လည်း 'အောင်မြင်သူ' ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကိုလည်း ဖွင့်လှစ်ပြီးဖြစ်သည်။

အဆိုပါ ထူးကြီးမြို့ အခြေခံပညာကျောင်းများနှင့် ကြီးပွားရေး e-Library စာကြည့်တိုက်တို့က ဒေသအတွင်း ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များနှင့် အသိပညာ ဗဟုသုတ ပိုမိုမြင့်မားသူတို့ကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်မည်ဖြစ်ရာ 'ပညာပြည့်ဝ နှလုံးလှသော်၊ ကိစ္စကြီးငယ် ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ ပြီးနိုင်စွာ၏' ဟူသော မဃဒေဝကျမ်းနှင့်အညီ ထူးကြီးမြို့သည် ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်မှာ ဧကန်ပင်။

ယခု ပစ္စက္ခကာလတွင်လည်း ထူးကြီးမြို့သည် ထူးကြီးမြို့မည်သော ဤနာမနှင့်အညီ ကဏ္ဍအလိုက် ထူးထူးခြားခြား၊ ကြီးကြီးမားမား ဖွံ့ဖြိုးတိုးတက်လျက် ရှိပေသည်။

သို့ဖြစ်ရကား လောကတွင် မမေ့အပ်သော အကြောင်းအရာငါးပါးတွင် မိမိချက်မြုပ်မွေးဖွားရာ ဇာတိချက်ကြွေ မွေးရပ်မြေသည်လည်း ပါဝင်ပေရာ ထူးကြီးမြို့သူ မြို့သားများ အပါအဝင် နိုင်ငံသားအားလုံးသည် မိမိမြို့၊ မိမိရွာ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။ **(သတင်းစဉ်)**

○ ရှေ့ဖုံးမှ

ဆောင်ရွက်ထားရန်နှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း တံတားတိုင်လုပ်ငန်းများ၊ Pile Cap နှင့် Pile Shalt များ တည်ဆောက်နေမှုနှင့် ချဉ်းကပ်တံတားတည်ဆောက်နေမှု အခြေအနေတို့ကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့သည်။

**ရောဝတီတံတား (ပခုက္ကူ)**

ရောဝတီတံတား(ပခုက္ကူ)အမျိုးအစားမှာ အပေါ်ထည် သံမဏိသံပေါင်၊ အောက်ထည် သံကူကွန်ကရစ် ဘိုးပိုင်နှင့် စုစုပေါင်း ကားလမ်းအရှည် ၁၃၅၃၇ ပေ၊ ရထားလမ်းအရှည် ၁၉၄၀၃ပေ၊ ပင်မတံတားအရှည် ၁၁၄၃၁ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ ရထားလမ်းအကျယ် ၁၄ပေ၊ လူသွားလမ်းတစ်ဖက်လျှင် ၃ပေ ၃လက်မစီနှင့် တံတားအောက် ရေလမ်းကင်းလွတ် အကျယ် ၂၆၂ပေ၊ အမြင့် ၅၂ပေပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅တန်ဖြစ်သည်။



**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ရထားနှင့် ကားလမ်း နှစ်လမ်းပါ ရောဝတီတံတား(ပခုက္ကူ) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

ယင်းနောက် ဝန်ကြီးသည် ရောဝတီတံတား(ရတနာပုံ) မန္တလေးဘက်ကမ်း အတက်ကားလမ်း တိုးချဲ့ချဉ်းကပ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ချဉ်းကပ်တံတားအရှည် ၆၁၂ပေနှင့် ချဉ်းကပ်တာပေါင်လမ်း ပေ ၈၅၀ တည်ဆောက်ပြီးစီးမှုနှင့် အချောသပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို တံတားကြီးတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကမ္ဘောဇနှင့် ရန်ကုန်တို့ သရေကျ အမှတ်ပေးဇယား၌ ရတနာပုံဦးဆောင်

➤ သတင်းမြင်ကွင်း - ဖိုးသော်ဇင် ➤

တောင်ကြီး စက်တင်ဘာ ၄

**၂၀၁၀ MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၁၅)ကို ယနေ့ညနေပိုင်းက တောင်ကြီးမြို့ရှိ ကမ္ဘောဇကွင်း၊ မန္တလေးမြို့ရှိ ဗထူးကွင်းနဲ့ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းတို့မှာ ဆက်လက်ကျင်းပရာ မနောမြေ F.C နိုင်ပွဲရပြီး ကမ္ဘောဇနဲ့ ရန်ကုန်ယူနိုက်တက်၊ ရတနာပုံနဲ့ နေပြည်တော်တို့ သရေကျသွားပါတယ်။**

**(ကမ္ဘောဇကွင်း)**

**ကမ္ဘောဇ - ဂိုးမရှိ**

**ရန်ကုန်ယူနိုက်တက် - ဂိုးမရှိ**

ရန်ကုန်ယူနိုက်တက်အသင်းဟာ ကမ္ဘောဇအသင်းကို ဖိအားပေးနိုင်ခဲ့ပါတယ်။ တိုက်စစ်အတွဲဖြစ်တဲ့ လီယိုနာဒိုနဲ့ ချာလက်စ်အိုဘီတို့ အတွဲမမိသလို ကမ္ဘောဇနောက်တန်းကလည်း အမှားမရှိခဲ့တာကြောင့် အခွင့်အရေးမရခဲ့ပါဘူး။

ကမ္ဘောဇအသင်းဟာ ခံစစ်ကို လုံအောင်လုပ်ပြီးမှ တိုက်စစ်ဆင်တဲ့ ပုံစံမျိုးနဲ့ ကစားခဲ့ပါတယ်။ ကမ္ဘောဇအသင်းဟာ ဂိုးရနိုင်တဲ့ အခွင့်အရေးတွေရခဲ့ပြီး စိုးမင်းဦးရဲ့ အဝေးကန်ချက်တွေကို အောင်အောင်ဦး ခက်ခက်ခဲခဲ ကာကွယ်ခဲ့ရပါတယ်။ ၈၂မိနစ်မှာ စိုးမြတ်မင်း အပိုင်ကန်ခွင့်ရပေမယ့် လွဲချော်ခဲ့လို့ သရေနဲ့ အဆုံးသတ်ခဲ့ရတာပါ။

**(ဗထူးကွင်း)**

**နေပြည်တော် - တစ်ဂိုး**

**ရတနာပုံ - တစ်ဂိုး**

၄၂ မိနစ်မှာ ပြည့်ဖြိုးဦးက နေပြည်တော်အတွက် ဂိုးစသွင်းခဲ့ပြီး ၅၅မိနစ်မှာ အက်စ်လေက ရတနာပုံအတွက် ချေပဂိုးပြန်သွင်းခဲ့ပါတယ်။ ဒုတိယနေရာက ကမ္ဘောဇအသင်း သရေကျတာကို အခွင့်အရေး မယူနိုင်လို့ ရတနာပုံတို့ တစ်မှတ်အသာနဲ့ပဲ အမှတ်ပေးဇယားကို ဦးဆောင်နေပါတယ်။

**(သုဝဏ္ဏကွင်း)**

**မနောမြေ - သုံးဂိုး**

**ဖွဲကပင်ယူနိုက်တက် - နှစ်ဂိုး**

ဖွဲကပင်အသင်းဟာ နှစ်ဂိုး အသာနဲ့ ဦးဆောင်နိုင်ခဲ့ပေမယ့် အနိုင်ကို မထိန်းနိုင်လို့ ရှုံးပွဲဆက်ခဲ့ရတာ ဖြစ်ပါတယ်။ ။

**ယနေ့ပွဲ**

**(သုဝဏ္ဏကွင်း)**

**ဧယျာဝတီ - ဆောက်သမ်းမြန်မာ**

**(ကမ္ဘောဇကွင်း)**

**ဥဿာယူနိုက်တက် - မကွေး**

**(မြန်မာ့အလင်း)**

**ဩဂုတ်၈ရက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့အတွင်း သွေးလွန်တုပ်ကွေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့မှ ပူးပေါင်း၍ ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။**

(မြို့နယ် ပြန်/ဆက်)



# အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှု တာမွေမြို့နယ်၌ကျင်းပ



ရန်ကုန် စက်တင်ဘာ ၄

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အရိုးကုန်းရပ်ကွက် အခြေခံပညာမူလတန်းကျောင်း အမှတ်(၃)တွင် အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဩဂုတ် ၃၁ရက်ကကျင်းပရာ အရိုးကုန်းရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်မာအေးနှင့် ဆရာမများ စုပေါင်း၍ တစ်ကျောင်းလုံးရှိ ကျောင်းသားကျောင်းသူ ၃၂၅ဦးတို့အား အာဟာရနို့သာဂူ တိုက်ကျွေးလှူဒါန်းကြသည်။ **(အပေါ်ပုံ)** (၁၇၁)

# လူသုံးကုန်နှင့် အီလက်ထရွန်နစ်ပစ္စည်းများပြပွဲ စားဖိုမှုန့်ကြက်သားမှုန့် ပါဝင်ပြသ

ရန်ကုန် စက်တင်ဘာ ၄

**ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၃ရက်မှ ၆ရက်အထိ လူသုံးကုန်နှင့် အီလက်ထရွန်နစ်ပစ္စည်းများပြပွဲကို ခင်းကျင်းပြသလျက်ရှိရာ ပန်းတိုင်စားသောက်ကုန်လုပ်ငန်းက အချိုမှုန့်အစားထိုးစားသောက်ကုန်ဖြစ်သည့် စားဖိုမှုန့်ကြက်သားမှုန့်နှင့် Goal Seasoning Powder တို့ကို ပြသရောင်းချလျက်ရှိသည်။** (အောက်ပုံ)

**မှာယူတင်သွင်း**

မြန်မာနိုင်ငံတွင် ပထမဦးဆုံး ထုတ်လုပ်သည့် စားဖိုမှုန့်ကြက်သားမှုန့်နှင့် Goal Seasoning Powder တို့တွင် ပါဝင်သည့် ကုန်ကြမ်းများ၌ သကြားတစ်မျိုးတည်းကိုသာ ပြည်တွင်း၌ရရှိပြီး ကျန်ကုန်ကြမ်းများကို ပြည်ပမှ မှာယူတင်သွင်းခြင်း ဖြစ်သည်။ မလေးရှားနည်းပညာဖြင့် ထုတ်လုပ်ထားပြီး MSG အချိုမှုန့် ပါဝင်မှုမရှိပါ။ ပြည်ပမှ ကြက်သားမှုန့်များထဲတွင် အချိုမှုန့် ၂၀မှ ၂၆ ရာခိုင်နှုန်း ပါဝင်သည်ကို တွေ့ရသည်။

ထို့အပြင် ပန်းတိုင်စားသောက်ကုန်လုပ်ငန်းကထုတ်လုပ်သည့် စားသောက်ကုန်များတွင် အရောင်ဆိုးဆေး၊ ဆေးသကြားနှင့် စားသုံးသူကို စွဲလမ်းပြီး စားပြီးရင်းစားချင်စိတ် ဖြစ်စေတတ်သည့် ဓာတုပစ္စည်းများ မပါဝင်ဘဲ သဘာဝထွက် ကုန်ကြမ်းများကိုသာ သုံးစွဲထားသည်။ ပြည်ပမှ တင်သွင်းလာသည့် ကြက်သားမှုန့်ဈေးနှုန်းထက် ဈေးချိုသာသည့်ဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသည်။

သက်သတ်လွတ်စားသုံးလိုသူများအတွက် Goal Seasoning Powder ကိုစားသုံးနိုင်ပြီး ဆား၊ သကြား အပါအဝင် အချိုဓာတ်ကို ပေးစွမ်းနိုင်သည့် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ဂေါ်ဖီ၊ ကြက်သားအရသာ အစရှိသည့် သဘာဝအချိုဓာတ်များ ၉၅ ရာခိုင်နှုန်းကျော် ပါဝင်ပြီး ကမ္ဘာ့အဆင့်မီ ထုတ်လုပ်ထားသည်။ မြန်မာနိုင်ငံရှိ ဟိုတယ်ကြီးများနှင့် စားသောက်ဆိုင်များမှ ယနေ့တိုင် မှာယူသုံးစွဲလျက်ရှိသည်။ အချိုမှုန့်၏ ဘေးထွက်ဆိုးကျိုးများကို ကြောက်ရွံ့သူများနှင့် မိမိ မိသားစုကျန်းမာရေးကို လေးစားလိုက်နာ ကျင့်ကြံနေထိုင်သူများအတွက် ထုတ်လုပ်ထားခြင်းဖြစ်သည်။

**ဆက်သွယ်မှာယူနိုင်**

ပန်းတိုင်စားသောက်ကုန်လုပ်ငန်း အမှတ် ၂၉၂၄/၂၉၂၅ စက်မှုလမ်း (၆၃)ရပ်ကွက် စက်မှုဇုန်(၂) တောင်ဒဂုံ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရန်ကုန်မြို့ ဖုန်း-၈၁၀၀၁၀၃၊ ၅၆၂၇၆၀ နှင့် ၇၃၀၀၉၁၃၈ တို့သို့ ဆက်သွယ်မှာယူရရှိနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**




# လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၄

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ ဦးဆောင်ကော်မတီအစည်းအဝေး အမှတ် (၁/၂၀၁၀)ကို ယမန်နေ့ နံနက် ၁၀နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံ၌ ကျင်းပသည်။**





**တက်ရောက်**

အဆိုပါ အစည်းအဝေးသို့ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၏ ဦးဆောင်ကော်မတီဝင်များဖြစ်ကြသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) အာရှနှင့် ပစိဖိတ်ဒေသရုံးမှ အကြီးတန်းစာရင်းအင်းပညာရှင်၊ FAO ဌာနေကိုယ်စားလှယ်နှင့် လုပ်ငန်းနှင့် နီးနွယ်သော ဌာနများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်းအစည်းအဝေးတွင် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ဦးဆောင်ကော်မတီဥက္ကဋ္ဌ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန် **(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး FAO ဌာနေကိုယ်စားလှယ် Dr. Shin Imai နှင့် ဗန်ကောက်မြို့ (FAO) အာရှနှင့် ပစိဖိတ်ဒေသရုံးမှ အကြီးတန်းစာရင်းအင်းပညာရှင် Dr.Jairo C. Galvez တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် ၂၀၁၀ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အမျိုးသားစီမံကိန်း ဒါရိုက်တာ ဒေါက်တာဝင်းထွဋ်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများအပေါ် တင်ပြဆွေးနွေးပြီး FAO ၏ နည်းပညာအကူအညီပေးရေးစီမံကိန်း ဦးဆောင်အကြံပေးပညာရှင် Ms. Josie B.Perez က လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၏ ဆောင်ရွက်ချက်များနှင့် အစီအစဉ်များအပေါ် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ၂၀၁၀ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၏ ပထဝီဝင်ဆိုင်ရာ မြေပုံရေးဆွဲထုတ်လုပ်ခြင်း လုပ်ငန်းရပ်များအပေါ် ဦးဆောင်ကော်မတီဝင် ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစောလှိုင်က ရှင်းလင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်နှင့် ရန်ပုံငွေလိုအပ်ချက်များအပေါ် ဦးဆောင်ကော်မတီဝင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ငြိမ်းအောင်က ရှင်းလင်းတင်ပြပြီး အမျိုးသားစီမံကိန်း ဒါရိုက်တာ ဒေါက်တာဝင်းထွဋ်က ဦးဆောင်ကော်မတီအစည်းအဝေးမှ စဉ်းစားဆုံးဖြတ်ပေးရမည့် အချက်များကို ရှင်းလင်းတင်ပြဆွေးနွေးရာ တက်ရောက်လာကြသူများက ဆွေးနွေးအကြံပြုဆုံးဖြတ်ကြသည်။

ယင်းနောက် ယခုကျင်းပသည့် ဦးဆောင်ကော်မတီ အစည်းအဝေးနှင့် စပ်လျဉ်း၍ FAO ဌာနေကိုယ်စားလှယ် Dr. Shin Imai က သုံးသပ်ကျေးဇူးတင်စကားပြောကြားပြီး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန်က နိဂုံးချုပ်စကား ပြောကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

၅-၉-၂၀၁၀ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်) |
| ၇း၅၀ | ၅။ | သံသာချိုအေး မင်္ဂလာတေး |
| ၈း၀၀ | ၆။ | ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ |
| ၈း၁၅ | ၇။ | အတီးပြိုင်ပွဲ |
| ၈း၂၅ | ၈။ | တေးဂီတအစီအစဉ် |
| ၈း၄၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | လှေကားသုံးထစ် ဆင်းတဲ့အခါ |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၀ | ၁။ | စစ်သည်တေး |
| ၁၁း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ | ၃။ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ် |
| ၁၁း၄၀ | ၄။ | နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း၊ မနွမ်းသောမေတ္တာ** (အပိုင်း-၄၀) |
| ၁၂း၄၀ | ၅။ | Golf Magazine (TV) |
| ၁၃း၀၀ | ၆။ | မြန်မာဗီဒီယိုဇာတ်လမ်း **ရွှေရည်ဝင်းတဲ့ လင်းရောင်ခြည်** ဖြိုးငွေစိုး၊ ဇော်ဝင်းမောင်၊ လင်းဇာနည်ဇော်၊ နွဲ့နွဲ့မူ (ဒါရိုက်တာ-မိုက်တီး) |
| ၁၄း၁၀ | ၇။ | ရောင်စုံရေးသီတေးပန်းချီ |
| ၁၄း၂၅ | ၈။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ |
| ၁၄း၃၀ | ၉။ | အဆိုပြိုင်ပွဲ |
| ၁၄း၅၀ | ၁၀။ | International News |
| ၁၅း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၃း၁၅ | ၁။ | Myanmar National League MNL Cup (2010) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(ဥဿာယူနိုင်တက် F.C နှင့် မကွေး F.C)** |
| ၅း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၂၅ | ၃။ | တေးဂီတအစီအစဉ် |
| ၅း၄၀ | ၄။ | ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ဗမ္ဗုဒီပဗိမာန်တော် |
| ၆း၀၀ | ၅။ | ညနေခင်းသတင်း |
| ၆း၁၅ | ၆။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၇။ | ကာတွန်းအစီအစဉ် Bugs Adventures (အပိုင်း-၂၇) |
| ၆း၄၀ | ၈။ | တစ်မျက်နှာတစ်ကွက်စာ **အမရာ့ဝမ်းစာ** မိုးထက်ပိုင်၊ ပြည့်ဖြိုး၊ ရန်နိုင်၊ ဆုပန်ထွာ၊ ပွင့်နဒီမောင် [ဒါရိုက်တာ-မေတင် (MMG)] |
| ၇း၀၀ | ၉။ | နိုင်ငံခြားဇာတ်လမ်းတွဲ **အတိတ်ရဲ့ပုံရိပ်** (အပိုင်း-၁၂) |
| ၈း၀၀ | ၁၀။ | ပြည်တွင်းသတင်း |
| | ၁၁။ | နိုင်ငံတကာသတင်းများ |
| | ၁၂။ | မိုးလေဝသအခြေအနေ |
| | ၁၃။ | စည်းလုံးခြင်းရဲ့ ရလဒ်တွေ (နန္ဒရော၊တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ) |
| | ၁၄။ | ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၅၇) |
| | ၁၅။ | နိုင်ငံခြားဇာတ်လမ်းတွဲ **ရေဆုံးမြေဆုံး** (အပိုင်း-၁၈) |

# စာမတတ်သူ ဒို့ဝိုင်းကူ

ဦးသန်းဦး

စာမတတ်သူ ဒို့ဝိုင်းကူ
လူတိုင်းစာတတ်ဖို့
ဝိုင်းဝန်းကြိုးပမ်းစို့

**နိုင်ငံတကာ စာတတ်မြောက်ရေးနေ့**

၂၀၁၀ ခုနှစ် စက်တင်ဘာလ ၈ရက် (ဗုဒ္ဓဟူးနေ့)သည် **"နိုင်ငံတကာ စာတတ်မြောက်ရေးနေ့"** (INTERNATIONAL LITERACY DAY) ဖြစ်သည်။

ထိုနေ့သည် ထူးခြားမွန်မြတ်သည့် ပညာရေးနေ့ထူးနေ့မြတ် တစ်ရပ်လည်း ဖြစ်ပါသည်။

ထိုနေ့တွင် နိုင်ငံတကာစာတတ်မြောက်မှု အခြေအနေနှင့် သက်ကြီးစာမတတ်မြောက်မှု အခြေအနေအရပ်ရပ်တို့ကို နိုင်ငံတကာအသိုက်အဝန်းအတွင်း ကျယ်ပြန့်စွာ တင်ပြအသိပေးရန်၊ စာတတ်မြောက်ရေးအတွက် ကြိုးပမ်းအားထုတ်မှုတွင် ထူးခြား ထူးချွန်စွာ ကြိုးပမ်းအားထုတ်ကြသည့် နိုင်ငံများမှ လူပုဂ္ဂိုလ်များ၊ လူ့အဖွဲ့အစည်းများအား ထိုက်ထိုက်တန်တန်ချီးမြှင့်ဂုဏ်ပြုရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်ကြရမည့် သက်ကြီးစာတတ်မြောက်မှု လုပ်ငန်းစဉ်များကို တင်ပြနှိုးဆော်တိုက်တွန်းခြင်း၊ တွန်းအားပေးခြင်းတို့ကို ပြုလုပ်ရန်ဟူသော မွန်မြတ်လေးနက်သည့် ရည်ရွယ်ချက်များဖြင့် အဆိုပါ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို အလေးအနက်ထား ကျင်းပခြင်း ဖြစ်ပါသည်။

**နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဆောင်ပုဒ်**

နှစ်စဉ်နှစ်တိုင်း ကျင်းပသည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အတွက် ဆောင်ပုဒ် (THEME) ကို ယူနက်စကို အဖွဲ့ချုပ်ကြီးက နှစ်စဉ်သတ်မှတ်ပေးလေ့ရှိပါသည်။

၂၀၀၇ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ဆောင်ပုဒ်မှာ **"ရှင်လန်းကျန်းမာ ချမ်းမြေ့သာ စာတတ်မြောက်ခြင်းက သော့ချက်ပါ"** ဟူ၍ ဖြစ်ပြီး ၂၀၀၈ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်မှာ **"စာတတ်မြောက်ရေးနှင့် ကူးစက်ရောဂါ ကာကွယ်စောင့်ရှောက်ကုသရေး၊ တွဲယှဉ်ဆောင်ရွက်ပေး"** ဟူ၍ ဖြစ်ပါသည်။

၂၀၀၉ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ ကြွေးကြော်သံ (SLOGAN) ကို **"စာတတ်မြောက်မှုစွမ်းအား အလေးထား"** (2009 The Power of Literacy) ဟူ၍ သတ်မှတ်ခဲ့ပြီး ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ် နှစ်နှစ်အတွက် တစ်ကြိမ် သတ်မှတ်ပေးသည့် ဆောင်ပုဒ်မှာ **"လူသားစွမ်းရည် (စွမ်းအား) မြင့်မားဖို့ စာတတ်မြောက်ရေး အားပေးစို့"** (LITERACY AND EMPOWERMENT) ဟူ၍ ဖြစ်ပါသည်။ ဆောင်ပုဒ်၏ အနက်သဘောအဓိပ္ပာယ်မှာ **"စာတတ်မြောက်မှု"**သည်-

(က) စာတတ်မြောက်မှုဖြင့် လူ့အဖွဲ့အစည်း၌ ပါဝင်ဆောင်ရွက်နိုင်မှု စွမ်းအား
(ခ) နိုင်ငံသားအဖြစ် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်မှု စွမ်းအား
(ဂ) လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပါဝင်ဆောင်ရွက်နိုင်မှု စွမ်းအား သုံးရပ်ဖြင့် မှချဖြည့်ဆည်း ဖော်ဆောင်ပေးနိုင်စွမ်း ရရှိလာစေမည် ဖြစ်ပေသည်။

**စာတတ်မြောက်ရေးနေ့၏ နောက်ခံသမိုင်း**

လွန်ခဲ့သော ၄၅ နှစ် (ဆယ်စုနှစ်လေးစုကျော်) ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့က အီရန်နိုင်ငံ တီဟီရန်မြို့၌ **"ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက်"** (A WORLD LITERACY CONGRESS) တစ်ရပ်ကို ၁၂ရက်တိုင်တိုင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။

ထိုသို့ ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက် စတင်ကျင်းပခဲ့သည့် စက်တင်ဘာလ ၈ ရက်နေ့ကို အကြောင်းပြု၍ အထိမ်းအမှတ်အဖြစ် ၁၉၆၅ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ယူနက်စကိုအဖွဲ့ချုပ်ကြီးက နှစ်စဉ်နှစ်တိုင်း ကျရောက်သည့် စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် အညီအညွတ် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ခြင်း ဖြစ်ပေသည်။ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ၁၉၆၆ ခုနှစ်တွင် ပထမအကြိမ်အဖြစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ကျင်းပဖြစ်ခဲ့ကြောင်း လေ့လာတွေ့ရှိ မှတ်သားထားရပါသည်။ သို့ဖြစ်၍ ၂၀၁၀ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့သည် (၄၄)ကြိမ်မြောက်နေ့ ဖြစ်လာပါသည်။

နိုင်ငံတကာစာတတ်မြောက်ရေးအတွက် တွန်းအားပေးသောအနေဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၁၉၉၀ ပြည့်နှစ်ကို **"နိုင်ငံတကာ စာတတ်မြောက်ရေးနှစ်"**အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။ ထိုကဲ့သို့ အထူးနှစ်သတ်မှတ်ဆောင်ရွက်စေခြင်းသည် ကမ္ဘာ့လူ့အဖွဲ့အစည်းတွင် စာတတ်မြောက်ရေးကို ပုဂ္ဂိုလ်ရေးတိုးတက်မှုနှင့် နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုတို့၏ သော့ချက်အဖြစ် မီးမောင်းထိုးပြရာလည်း ရောက်ပါသည်။

**ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်**

**(UNITED NATIONS LITERACY DECADE)**

လူတိုင်းအတွက်ပညာရေး (၁၉၉၀) (EDUCATION FOR ALL) အစီအစဉ်အရ ဆောင်ရွက်ကြရာ၌ လူတိုင်းစာတတ်မြောက်ရေးသည် လူတိုင်းအတွက် ပညာရေး၏ **"ဗဟိုချက်မ"** သဖွယ်ဖြစ်သည်။ (LITERACY IS THE CENTRE OF EDUCATION FOR ALL) ဟူသော ခိုင်မြဲသည့် ခံယူချက်ဖြင့် ထိရောက်အောင်မြင်ပေါက်မြောက်အောင် ဆောင်ရွက်ကြရန် လိုအပ်လာသည့်အလျောက် ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ဆုံးဖြတ်ချက် (၅၆/၁၁၆) ဖြင့် ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဆယ်စုနှစ်ကို **"ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်"** (A UNITED NATIONS LITERACY DECADE) အဖြစ် တညီတညွတ်တည်း ဆုံးဖြတ်သတ်မှတ်ဆောင်ရွက်စေလျက် ရှိပါသည်။

ထိုသို့ သတ်မှတ်ထားသည့် ဆယ်စုနှစ်အတွင်း ယခုနှစ် ၂၀၁၀ ခုနှစ်သည် (၈) နှစ်မြောက်နှစ်အဖြစ် ပါဝင်နေပါသည်။ သို့ဖြစ်၍ မူလသတ်မှတ်လျာထားသည့် ဆယ်စုနှစ်အတွင်း စာတတ်မြောက်ရေးရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်အောင်၊ ထိထိရောက်ရောက်လည်း ဆောင်ရွက်နိုင်အောင် ကျွန်ုပ်တို့ အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရမည်သာ ဖြစ်ပါသည်။

**နိုင်ငံတကာစာတတ်မြောက်မှုအခြေအနေ**

နိုင်ငံတကာစာတတ်မြောက်မှုအခြေအနေကို အချုပ်သဘောအားဖြင့် ဆွေးနွေးတင်ပြလိုပါသည်။ လေ့လာရရှိသော စာရင်းအင်းအထောက်အထားများအရ ယနေ့ကမ္ဘာပေါ်တွင် စာတတ်မြောက်သူဟု သတ်မှတ်ထားသော လူဦးရေမှာ သန်းပေါင်းလေးထောင် (There are nearly four Billion Literate People in the World) ဖြစ်သည်။ အနိမ့်ဆုံး စာတတ်မြောက်မှုစွမ်းရည် (The minimum Literacy Skills) (စာဖတ်၊ စာရေး တွက်ချက်တတ်မှုစွမ်းရည်) မရှိသေးသည့် ကမ္ဘာ့လူဦးရေမှာ ၇၇၆ သန်းခန့်မျှ ဖြစ်သည်။ (စာမတတ်သူဦးရေ ဖြစ်ပါသည်။) အဆိုပါ စာမတတ်သူ ၇၇၆ သန်းအနက် ၅၁၉ သန်းသည် စာမတတ်သူ အမျိုးသမီးဦးရေ ဖြစ်နေပါသည်။ ယနေ့ကလေးသူငယ် ၇၅ သန်းသည်လည်း စာသင်ကျောင်းပြင်ပ၌ ကျောင်းမနေဖြစ်ကြသေးပါ။ ကလေးသူငယ်များစွာသည် ကျောင်းမှန်မှန်မတက်၊ တစ်ဝက်တစ်ပျက်နှင့် ကျောင်းထွက်သွားကြသည်။ နိုင်ငံ ၃၅ နိုင်ငံလောက်သည် စာတတ်မြောက်မှု ၅၀ ရာခိုင်နှုန်းထက် နည်းပါသည်။ ကမ္ဘာ့စာမတတ်သူ ၈၅ ရာခိုင်နှုန်းသည် ထိုသို့သော နိုင်ငံများတွင် နေထိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ မူလရည်မှန်းချက်များ ပေါက်မြောက်အောင် ဤဆယ်စုနှစ်ကာလအတွင်း ကျန်ရှိနေသည့် လာမည့်နှစ်နှစ်အတွင်း အထူးအလေးထားကာ စီမံဆောင်ရွက်သွားကြမည်သာ ဖြစ်ပါသည်။

**စာတတ်မြောက်ရေးနေ့တွင် ချီးမြှင့်သည့်ဆုများ**

၂၀၁၀ ခုနှစ် စက်တင်ဘာလ ၈ ရက် (ဗုဒ္ဓဟူးနေ့)တွင် ပြင်သစ်နိုင်ငံ ပါရီမြို့ ယူနက်စကိုအဖွဲ့ချုပ်ကြီး၌ ယူနက်စကိုနိုင်ငံတကာစာတတ်မြောက်ရေးဆုများ (The Unesco International Literacy Prizes) ကို ချီးမြှင့်ပေးအပ်မည်ဖြစ်ပါသည်။

နိုင်ငံတကာ ခုံသမာဓိအဖွဲ့ (An International Jury) က နှစ်အလိုက်သတ်မှတ်ထားသော နိုင်ငံတကာစာတတ်မြောက်ရေးနေ့ဆောင်ပုဒ်၊ အာဘော်များနှင့်အညီ ထူးခြားထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံများမှ ပုဂ္ဂိုလ်များသို့မဟုတ် အဖွဲ့အစည်းများကို ရွေးချယ်၍ ထိုက်ထိုက်တန်တန်ဆုများ ချီးမြှင့်ပေးအပ်ခြင်း ဖြစ်ပါသည်။

၂၀၁၀ ခုနှစ်အတွက် **"နိုင်ငံတကာစာတတ်မြောက်ရေးဆုများ"** (International Literacy Prizes) အဖြစ်

(က) The Unesco King Sejong Literacy Prize
(ခ) The Unesco Confucius Prize for Literacy

တို့ကို ပေးအပ်ချီးမြှင့်မည် ဖြစ်ပါသည်။

ပေးအပ်ချီးမြှင့်သည့် ဆုအသီးသီးသည် တန်ဖိုးအားဖြင့် ယူအက်စ်ဒေါ်လာ ၂၀၀၀၀(အမေရိကန်ဒေါ်လာ နှစ်သောင်း)ဖြစ်ပါသည်။ ထိုချီးမြှင့်ငွေနှင့်အတူ တံဆိပ် (a Medal) တစ်ခုနှင့် ဂုဏ်ပြုလွှာ (a Diploma) တို့လည်း ပါရှိပါသည်။

(က) The Unesco King Sejong Literacy Prize ၏ အလှူရှင်နိုင်ငံမှာ ကိုရီးယားသမ္မတနိုင်ငံ(တောင်ကိုရီးယား)ဖြစ်ပါသည်။ ဆုနှစ်ဆုချီးမြှင့်ပါသည်။ တစ်ဆုကို တီထွင်ဆောင်ရွက်မှုပရောဂျက်တို့အတွက် Cape Verde မှ General Directorate of Adult Training က ၁၉၇၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း စာမတတ်မှု ၆၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ လျှော့ချဆောင်ရွက်နိုင်မှုအတွက် ရရှိသွားပါသည်။ အခြားဆုတစ်ဆုကို ဂျာမနီနိုင်ငံ ဟင်ဘတ်မြို့မှ State Institute For Teacher Training and School Development အဖွဲ့အစည်းအား Family Literacy Project ဆောင်ရွက်ပေးမှုအတွက် ပေးအပ်ချီးမြှင့်ခြင်း ဖြစ်ပါသည်။

(ခ) The Unesco Confucius Prize for Literacy ဆု၏ အလှူရှင်နိုင်ငံမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖြစ်ပါသည်။ နီပေါနိုင်ငံမှ The Non-Formal Education Centre အဖွဲ့အစည်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မိခင်နှင့်ကလေး ကျန်းမာရေး၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဝင်ငွေတိုးလုပ်ငန်းပရောဂျက်နှင့် စာတတ်မြောက်ရေးတို့ကို ဆက်နွယ်ဆောင်ရွက်ကြိုးပမ်းမှုအတွက် ဆုတစ်ဆုရရှိခြင်း ဖြစ်ပါသည်။ အီဂျစ်နိုင်ငံမှ The Governorate of Ismailia အဖွဲ့အစည်းက ကျေးရွာအမျိုးသမီးငယ်များအား လေ့ကျင့်ပျိုးထောင်ပေးမှုနှင့် စာတတ်မြောက်ရေးကို ဆက်နွယ်ဆောင်ရွက်ကြိုးပမ်းမှုတို့အတွက် အခြားဆုတစ်ဆုကို ရရှိသွားခြင်း ဖြစ်ပါသည်။




အထက်ဖော်ပြပါ စာတတ်မြောက်ရေးဆုများ ပေးအပ်ချီးမြှင့်ခြင်းတို့အပြင် ၂၀၁၀ ခုနှစ်အတွက် ကျက်သရေဆောင် ဂုဏ်ပြုဖော်ပြချက်နှစ်ရပ် (The Honourable Mention) အနေဖြင့် (က) Colombia နိုင်ငံမှ ဆောင်ရွက်သည့် စာတတ်မြောက်ရေးအစီအစဉ်နှင့် (ခ) Malawi နိုင်ငံမှ ဆောင်ရွက်သည့် စာတတ်မြောက်ရေး ပရောဂျက်ဆောင်ရွက်မှုအသီးသီးတို့အတွက် ချီးမြှင့်ဖော်ပြခြင်းလည်း ဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-မြန်မာနိုင်ငံစာတတ်မြောက်ရေး ဗဟိုကော်မတီသည် ယူနက်စကိုအဖွဲ့ချုပ်ကြီးက နိုင်ငံတကာစာတတ်မြောက်ရေးနေ့တွင် ပေးအပ်ချီးမြှင့်သည့် နိုင်ငံတကာစာတတ်မြောက်ရေးဆုကို ၁၉၇၁ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်များတွင် ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်ခြင်းကို ခံယူရရှိခဲ့ပြီး ဖြစ်ပါသည်။

**မြန်မာနိုင်ငံစာတတ်မြောက်မှုအခြေအနေ**

၁၉၄၈ ခုနှစ်သူ့ကျွန်ဘဝမှ လွတ်မြောက်လာခဲ့သည့်ကာလမှ အစပြု၍ ပြည်ထောင်စုမြန်မာနိုင်ငံတွင် နိုင်ငံသူနိုင်ငံသားတို့၏ အင်အားဖြင့် စာတတ်မြောက်ရေးအတွက် ဝါယမစိုက်ထုတ် အစဉ်တစိုက် ကြိုးကုတ်အားထုတ်ဆောင်ရွက်လာခဲ့မှုအရပ်ရပ်တို့ကြောင့် နှစ်ဆယ်ရာစု ၂၀၀၀ ပြည့်နှစ်တွင် စာတတ်မြောက်မှု ၉၁ရာခိုင်နှုန်းအထိ တက်လှမ်းလာနိုင်ခဲ့ပါသည်။

သုံးထောင်စုသို့ တက်လှမ်းသည့် နှစ်ဆယ့်တစ်ရာစု၏ အခြေခံနှစ်ဖြစ်သော အဆိုပါ ၂၀၀၀ ပြည့်နှစ်တွင် ဖော်ပြပါ စာတတ်မြောက်မှု ရာခိုင်နှုန်း ၉၁ မှ အဆင့်ဆင့်တိုးမြှင့်တက်လှမ်းရန် ဆက်လက်ကြိုးပမ်းအားထုတ်ခဲ့ရာ၌ အမျိုးသားပညာရည်မြင့်မားရေး ဦးတည်ချက်နှင့်အညီ ပညာရေးအထူးလေးနှစ်စီမံကိန်း၊ ပညာရေးနှစ်ရှည် နှစ်(၃၀)စီမံကိန်းတို့အရ ကျောင်းပြင်ပပညာရေးအစီအစဉ်ဖြင့် လူတိုင်းစာတတ်မြောက်လာစေရေးသို့ ရှေးရှုကြိုးပမ်းမှုတို့ကြောင့် ၂၀၁၀ ခုနှစ်တွင် မြန်မာနိုင်ငံ စာတတ်မြောက်မှုနှုန်းသည် ၉၄ ဒသမ ၉၅ ရာခိုင်နှုန်းသို့ပင် တိုးမြှင့်တက်လှမ်းလာနိုင်ကြောင်း ရရှိသောစာရင်းအင်းအထောက်အထားများအရ လေ့လာသိရှိမှတ်သားရပါသည်။

အဆိုပါ ကျောင်းပြင်ပ ပညာရေးအောက်တွင် စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးအစီအစဉ်တို့အရ စာမတတ်သေးသူများအား စာတတ်မြောက်လာစေရေး၊ စာတတ်မြောက်လာသူများအား စာဖတ်ရှိန်မြှင့်တင်ပေးရေး၊ အခြေအနေပေးသည့် ရပ်၊ ကျေးတို့တွင် ရပ်ရွာပညာပဒေသာဌာနများကို တည်ထောင်ဖွင့်လှစ်ပေးခြင်း စသည့် စသည့် ကြိုးပမ်းမှုအရပ်ရပ်တို့ဖြင့် ဆက်လက်ကြိုးကုတ် အားထုတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ထို့ပြင် စာတတ်သူများအား စာဖတ်ဖြစ်စေရေး၊ ပညာဗဟုသုတကြွယ်ဝတိုးပွား၊ အသိအမြင်များ တိုးတက်လာစေရေးသို့ ရှေးရှု၍ ပြန်ကြားရေးဝန်ကြီးဌာနအောက်တွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ပေါင်း ၅၅၇၅၅ ဖွင့်လှစ်၍ စာဖတ်ရှိန်မြှင့်တင်ပေးလျက်ရှိခြင်း၊ စံ(၅)ရပ်ပြည့်မီညီညွတ်အောင် ထူထောင်ပြီးသည့်စာကြည့်တိုက်ပေါင်း ၂၉၁၈၅ ရှိလာပြီဖြစ်၍ နိုင်ငံတစ်ဝန်းလုံး နယ်စပ်ဒေသပါမကျန် စာဖတ်ရှိန်မြှင့်တင်ပေးလျက်ရှိခြင်းတို့ကြောင့် လူတစ်ဦးချင်း၏ ဘဝရော နိုင်ငံတော်ပါ ဖွံ့ဖြိုးတိုးတက်လာရန် ယခုအခါ ကြိုးပမ်းတက်လှမ်းလျက် ရှိနေပါသည်။

**ညီညာဖြဖြဝိုင်းဝန်းဆောင်ရွက်ကြ**

အချုပ်အားဖြင့် လူတိုင်းစာတတ်မြောက်လာစေရေးအတွက် လူတိုင်းလူတိုင်းအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ **စာမတတ်သူ ဒို့ဝိုင်းကူ၊ လူတိုင်းစာတတ်မြောက်ဖို့ ဝိုင်းဝန်းဆောင်ရွက်စို့** ဟူသော သန္နိဋ္ဌာန်ဖြင့်သာ ညီညာဖြဖြဝိုင်းဝန်းလက်တွဲ၊ ဆင်နွှဲကြိုးပမ်းအားထုတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# စပါးနှင့်အခြားသီးနှံ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး အထောက်အကူပြုလာမည့် မုက္ခာရေလှောင်တမံ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း ➢ ခင်မောင်သန်း(စက်မှု)

ရန်ကုန် စက်တင်ဘာ ၄

ပဲခူးရိုးမ အနောက်ပိုင်းဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်း လယ်မြေဧရိယာ ဧက ၁၀၀၀၀ခန့်ကို ဆည်ရေပေးဝေ စိုက်ပျိုးနိုင်ရေးကို အထောက်အကူပြုမည့် မုက္ခာရေလှောင်တမံကို တည်ဆောက်လျက်ရှိသည်။

သတင်းအဖွဲ့သည် ရန်ကုန်မြို့မှ ထွက်ခွာလာပြီး သုံးဆယ်မြို့ဆည်မြောင်းရိပ်သာမှတစ်ဆင့် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉) ဦးစီးအရာရှိ ဦးဖေယျာဝင်းနှင့်အတူ မုက္ခာရေလှောင်တမံ စီမံကိန်းနယ်မြေသို့ ထွက်ခွာလာခဲ့သည်။ သုံးဆယ်မြို့မှ မင်းလှမြို့သို့ ရန်ကုန်-ပြည်လမ်းအတိုင်းလာခဲ့ပြီး ၂၂မိုင် အရောက် အရှေ့ဘက် ၁၀မိုင်သို့ ဆက်လက်လာခဲ့ရာ မုက္ခာရေလှောင်တမံ စီမံကိန်းနယ်မြေသို့ ရောက်ရှိသည်။ ရေလှောင်တမံ စီမံကိန်းနယ်မြေတွင် ဦးစီးအရာရှိ ဦးဖေယျာဝင်းနှင့် ဦးစီးမှူး ဦးသန်းလှိုင်နှင့် ဦးစီးမှူးဦးအောင်မျိုးတို့က ရေလှောင်တမံတည်ဆောက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းပြသကြသည်။



မုက္ခာရေလှောင်တမံ စီမံကိန်းတွင် တောင်ကုန်းများကို စက်ယန္တရားများဖြင့် ဖြိုချ၍ ဤသို့ ရေပိုလွှဲတည်ဆောက်လျက်ရှိကြသည်။

## ဆည်ရေပေးဝေ

မုက္ခာချောင်းအတွင်းသို့ ပဲခူးရိုးမမှစီးဆင်းလာသော ရေများသည် စီးဝင်လျက်ရှိသည်။ မုက္ခာရေလှောင်တမံသည် ကံတင်ဘီးလင်းဆည်နှင့် မင်းလှဆည်အတွင်း ကြားနယ်မြေတွင် တည်ရှိရာ အဆိုပါဆည်များ၏ ဆည်ရေသောက် ဧရိယာများသည် တစ်ဆက်တစ်စပ်တည်းဖြစ်သွားမည်ဟု သိရသည်။ မုက္ခာရေလှောင်တမံတည်ဆောက်ခြင်း၏ ရည်ရွယ်ချက်သည် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်းရှိ လယ်မြေဧရိယာ ဧက ၁၀၀၀၀ခန့်ကို ဆည်ရေပေးဝေ စိုက်ပျိုးနိုင်ရန် အဓိကဖြစ်သည်။

## မုက္ခာရေလှောင်တမံ

မုက္ခာရေလှောင်တမံ စီမံကိန်းသည် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) မင်းလှမြို့နယ်အတွင်းရှိ ဘန့်ဘွေးကုန်းကျေးရွာအထက် မိုင်ဝက်ခန့်အကွာတွင် တည်ရှိသည်။ မုက္ခာရေလှောင်တမံစီမံကိန်းသည် ပဲခူးရိုးမ (အနောက်ပိုင်း) ဆည်အစုအဖွဲ့များတွင် ပါဝင်သည်။ မုက္ခာရေလှောင်တမံ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၀၁ ခုနှစ်တွင် စူးစမ်းလေ့လာမှုများ စတင်ဆောင်ရွက်ခဲ့ပြီး မြေပုံအချက်အလက်များ၊ မိုးလေဝသနှင့်ဇလဗေဒဆိုင်ရာ အချက်အလက်များ စုဆောင်းခြင်းနှင့် ကွင်းဆင်းလေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ ၂၀၀၂ ခုနှစ်တွင် တမံရေဝပ် ဧရိယာ မြေပြင်တိုင်းတာမှုများ အသေးစိတ်ဆောင်ရွက်ခဲ့ပြီး ယခုအခါ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မုက္ခာရေလှောင်တမံကို အမြင့်ပေ ၈၀နှင့် အလျားပေ ၄၇၀ရှိ မြေသားတမံ တည်ဆောက်၍ ရေသိုလှောင်ပမာဏ ဧကပေ ၂၄၁၀၀ ခန့်ကို သိုလှောင်ထားရှိပြီး စိုက်ပျိုးမြေ စုစုပေါင်း ဧက ၁၀၀၀၀ခန့်ကို ရေပေးဝေသွားမည် ဖြစ်ပေသည်။ မုက္ခာရေလှောင်တမံသည် ဖော်ပြခဲ့သည့်အတိုင်း မုက္ခာချောင်းကို ပိတ်၍ တည်ဆောက်လျက်ရှိသည်။ နှစ်စဉ်စီးဝင်ရေသည် ဧကပေ ၄၅၉၀၀ ရှိပြီး ရေဆင်း ဧရိယာ ၃၀ ဒသမ ၃၉ စတုရန်းမိုင်ရှိမည် ဖြစ်သည်။ ရေထုတ်ပြွန်အရွယ်အစားမှာ ၄ပေ×၆ပေ တစ်ပေါက်ရှိမည်ဖြစ်ပြီး ရေပိုလွှဲ အကျယ် ပေ ၅၀ ရှိမည်ဟု သိရသည်။ ရေလှောင်တမံ လုပ်ငန်းများကို ၂၀၀၉-၂၀၁၀ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားကြသည်။



တမံတည်ဆောက်မည့်နေရာ အောက်ခြေ ရှင်းလင်းခြင်းလုပ်ငန်းကို စက်ယန္တရားများဖြင့် ဤသို့ ဆောင်ရွက်နေကြသည်။

## ပြီးစီးနေပြီ

အကြိုတည်ဆောက်ရေးလုပ်ငန်းများဖြစ်သော မြေပြင်တိုင်းတာခြင်း၊ တမံအဝင် အထွက်လမ်း ဖောက်လုပ်ခြင်းများ ရာခိုင်နှုန်းပြည့်ပြီးစီးနေပြီး စခန်းအဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းတွင် ၅၀ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သည်။ တမံမြေကြီး လုပ်ငန်းတွင် တူးခြင်း၊ ဖို့ခြင်း ၂၇ရာခိုင်နှုန်း ပြီးစီးခဲ့ကြောင်း သိရသည်။ ရေပိုလွှဲလုပ်ငန်း လုပ်ဆောင်နေမှုကို မျက်မြင်ကိုယ်တွေ့ ကွင်းဆင်းလေ့လာခဲ့ပြီး စက်ယန္တရားကြီးများနှင့် ဆောင်ရွက်လုပ်ကိုင်နေကြရာ ၃၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ရေဝပ်ဧရိယာ တောရှင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြရာ ၉၆ ရာခိုင်နှုန်း ပြီးစီးလျက်ရှိသည်။ ရေတားတမံ တည်ဆောက်မှု အပိုင်းတွင် ၄၂ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သည်။



မုက္ခာရေလှောင်တမံ ရေပိုလွှဲ တည်ဆောက်ရေးလုပ်ငန်းတွင် စက်ယန္တရားကြီးများဖြင့် ဤသို့ တူးဖော်နေကြသည်။

## ပိုမိုမြင့်တက်လာ

ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း၊ အနောက်ပိုင်းဒေသများတွင် ရေလွှဲဆည်၊ ရေလှောင်တမံများ တည်ဆောက်ပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်းဒေသ၌ ဆည်အစုအဖွဲ့များတွင် မုက္ခာရေလှောင်တမံ ပါဝင်လာသည်။ ဆည်ရေသောက်စနစ်တွင် ကျန်ဆည်များနှင့် တစ်ဆက်တည်း ပေါင်းစပ်နေမည်ဖြစ်၍ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား ပိုမိုမြင့်တက်လာမည်ဖြစ်သည်။ ထိုဒေသတစ်ဝိုက်တွင် နှစ်စဉ်မိုးရေချိန်လက်မ ၆၇ ဒသမ ၄၄လက်မ ရွာသွန်းနေသောကြောင့် စီးဝင်ရေအားလည်း ကောင်းနေမည်ဖြစ်သည်။ တောင်သူများက စိုက်ပျိုးနည်းပညာကောင်းများဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးတို့ကို ကြိုးစားအားထုတ်သွားကြမည်ဆိုလျှင် မုက္ခာရေလှောင်တမံ တည်ဆောက်ပြီးစီးသွားပါက ပဲခူးရိုးမ အနောက်ခြမ်းတစ်ခွင် စပါးနှင့် သီးထပ်သီးညှပ် သီးနှံများ ပိုမိုစိုက်ပျိုး ထုတ်လုပ်နိုင်တော့မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

# ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ တွေ့ဆုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၄

ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲတို့ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ်၂၇ရက် နံနက်၁၀နာရီက ဟိုပုန်းမြို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ရှမ်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးပွင့်က အမှာစကားပြောကြားပြီး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသော ပြည်နယ်ဥပဒေအရာရှိ ဦးမောင်မောင်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီတို့က ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းလမ်းညွှန်များကို ရှင်းလင်းပြောကြားကြသည်။

## ဆွေးနွေးတင်ပြ

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသက်ထွန်းက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပါဝင်သည့် ဟိုပုန်းမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့မှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်ဆောင်ရွက်မည့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ဟိုပုန်းမြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များက ဟိုပုန်းမြို့နယ်အတွင်း မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား သင်တန်းပေးခြင်း၊ မဲရုံနေရာများ သတ်မှတ်ခြင်းနှင့် မဲစာရင်းပြုစုခြင်း စသည့် ကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြခဲ့ကြကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**



# လက်ပံတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်စရိတ်ထောက်ပံ့ပေးအပ်

လက်ပံတန်း စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) လက်ပံတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၀-၂၀၁၁ခုနှစ် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ရက် နံနက် ၁၀နာရီက အဆိုပါရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ စစ်မှုထမ်းဟောင်းအဖွဲ့နာယကအဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဒုတိယရဲမှူးခင်မောင်လတ်နှင့်ဌာနဆိုင်ရာများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းနေအဖွဲ့ဝင်သားသမီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နာယက ဒုတိယဗိုလ်မှူးကြီး သိန်းဟန်(ငြိမ်း)နှင့် မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဒုတိယအရာခံဗိုလ်မြင့်ရွှေ(ငြိမ်း)တို့က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမောင်ဝင်းက ထောက်ပံ့ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ မြို့နယ် စည်းရုံးရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ် ရဲတပ်ဖွဲ့မှူးတို့က တက္ကသိုလ်ဝင်တန်း၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းနေ အဖွဲ့ဝင်သားသမီး ၈၇ ဦးတို့အား စာအုပ်နှင့်စာရေးကိရိယာများ အပြင်ငွေကျပ် ၄၂၈၀၀၀တို့ကိုထောက်ပံ့ပေးအပ်ခဲ့ကြသည်။ **(အပေါ်ပုံ)** **(၁၇၅)**

## ခြင်ဆေးဖျန်း

**ဩဂုတ်၂၅ ရက်က လားရှိုးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျန်းမာရေးမှူး-၂ ဦးဉာဏ်လင်းမောင်နှင့်ဝန်ထမ်းများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် ရပ်ကွက်များတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

# လာလီဂါရွှေဖိနပ်ဆုနဲ့ ဒေးဗစ်ဗီလာ

မောင်ချစ်ကြည် ရေးသားသည်

ဘာစီလိုနာ စက်တင်ဘာ ၄

လာလီဂါရဲ့ ရွှေဖိနပ်ဆုကို ရယူဖို့အတွက် မိမိကြိုးစားသွားမယ်လို့ ဘာစီလိုနာအသင်းကို ဒီနှစ်ဘောလုံးရာသီမှာ ပြောင်းရွှေ့ရောက်ရှိလာတဲ့ တိုက်စစ်မှူးဒေးဗစ်ဗီလာက ပြောကြားလိုက်ပါတယ်။ ဒီနှစ်နွေရာသီဘောလုံးသမား အပြောင်းအရွှေ့ဈေးကွက်မှာ ပြောင်းရွှေ့ကြေး ယူရိုသန်း ၄၀နဲ့ ဘာစီလိုနာကို ပြောင်းရွှေ့လာတဲ့ တိုက်စစ်မှူး ဖြစ်ပါတယ်။



တိုက်စစ်မှူး ဒေးဗစ်ဗီလာ

ဘာစီလိုနာ တိုက် စစ် မှူး ဒေးဗစ်ဗီလာ၏ ကစားဟန်။

### အမြားဆုံး

ဒေးဗစ်ဗီလာကို မန်ယူ၊ ချယ်လ်ဆီးနှင့်အာဆင်နယ်အသင်းတွေက ခေါ်ယူဖို့ ကြိုးစားခဲ့ပေမယ့် အကောင်အထည်မဖော်နိုင်ခဲ့ပါဘူး။ ဒါကြောင့် ဒီနှစ်နွေရာသီ ဘောလုံးသမား အပြောင်းအရွှေ့ဈေးကွက်မှာ ပြောင်းရွှေ့ကြေးအများဆုံး ဘောလုံးသမားအဖြစ် ထိပ်ဆုံးက ရပ်တည်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ခဲ့ပါတယ်။

### ကတိပြု

အသက် ၂၈နှစ်အရွယ်ရှိပြီဖြစ်တဲ့ စပိန်တိုက်စစ်မှူးဒေးဗစ်ဗီလာဟာ ဗလင်စီယာအသင်းကနေပြီး ဘာစီလိုနာသို့ ပြောင်းရွှေ့ရောက်ရှိလာတဲ့နေ့မှာပဲ လာလီဂါမှာ ဂိုးအများဆုံးသွင်းယူပြီး ရွှေဖိနပ်ဆုရယူပေးမယ်လို့ ကတိပြုပြောခဲ့ပါတယ်။

### အဓိကတိုက်စစ်မှူး

ဒီနှစ်ဘောလုံးသမားအပြောင်းအလဲတွေ ပြုလုပ်ထားတဲ့ ဘာစီလိုနာအသင်းမှာ ဒေးဗစ်ဗီလာကို အဓိကတိုက်စစ်မှူးကစားသမားအဖြစ် နေရာပေးမှာဖြစ်ပြီး သူ့ရဲ့ဂိုးသွင်းနိုင်မှုစွမ်းရည်ကို အပြည့်အဝ အသုံးချနိုင်မှာဖြစ်တယ်လို့ ဘာစီလိုနာအသင်း တာဝန်ရှိသူတွေက ပြောကြားနေပါတယ်။

### ဂိုးသွင်းယူ

ဒေးဗစ်ဗီလာဟာ ယူရို ၂၀၁၂ ခြေစစ်ပွဲအဖြစ် လက်ချင်စတိန်းအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ပွဲမှာ ဂိုးသွင်းနိုင်ခဲ့လို့ စပိန်အသင်းအတွက် စုစုပေါင်း ၄၄ဂိုးသွင်းယူပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါဟာ မိခင်စပိန်အသင်းအတွက် တိုက်စစ်မှူးရာအူးလ် သွင်းယူပေးခဲ့တဲ့ စံချိန်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။

### ဝတ်ဆင်

ဘာစီလိုနာအသင်းမှာ နံပါတ် ၇ဂျာစီအင်္ကျီကိုဝတ်ဆင်ပြီး ကစားနေတာမို့ အခုဆိုရင် ဘာစီလိုနာအသင်းကို အောင်မြင်မှုတွေရရှိအောင် စတင်ကြိုးစားနေပြီဖြစ်ပါတယ်။ ၁၉၉၁ ခုနှစ်ကနေပြီး ၁၉၉၉ ခုနှစ်အထိ လူငယ်ကစားသမားဘဝ ဖြတ်သန်းခဲ့ပြီး ၁၉၉၉-၂၀၀၁ ခုနှစ်မှာ စပို့တင်းဂီဂျွန် ဘီအသင်းမှာ ကစားခဲ့ရာက ၂၀၀၁ ခုနှစ်မှာ စပို့တင်းဂီဂျွန်အသင်းကြီးမှာ စတင်ကစားခဲ့ခြင်း ဖြစ်ပါတယ်။

### ပြောင်းရွှေ့

၂၀၀၃ ခုနှစ်မှာ စပို့တင်းဂီဂျွန်အသင်းကနေပြီး ဇာရာဂိုဇာအသင်းကို ပြောင်းရွှေ့ကစားခဲ့ပြန်ပါတယ်။ ဇာရာဂိုဇာအသင်းမှာ ၂၀၀၅ခုနှစ်အထိ ကစားပေးခဲ့ပြီး ဗလင်စီယာအသင်းကို ထပ်မံပြောင်းရွှေ့ကစားခဲ့ပါတယ်။ ဗလင်စီယာအသင်းမှာ ကစားခဲ့စဉ်က ဂိုးအများဆုံးသွင်းယူနိုင်တဲ့ တိုက်စစ်မှူးဖြစ်ခဲ့သလို စပိန်အသင်းအတွက်လည်း အဓိက ဂိုးသွင်းပေးနိုင်ခဲ့သူဖြစ်ခဲ့ပါတယ်။

### အန္တရာယ်ရှိ

ဒေးဗစ်ဗီလာဟာ ပြိုင်ဘက် ဘာစီလိုနာအသင်းကို ရောက်ရှိလာလို့ အန္တရာယ်ရှိတဲ့ တိုက်စစ်မှူးဖြစ်ကြောင်း ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုက သူ့ကစားသမားတွေကို သတိပေးထားပါတယ်။ ဒေးဗစ်ဗီလာဟာ အကောင်းဆုံးခြေစွမ်းရရှိနေတာဖြစ်လို့ ဂိုးအများဆုံးသွင်းပြီး ရွှေဖိနပ်ဆုလည်း ရရှိသွားနိုင်ကြောင်းကို မော်ရင်ဟိုက မှတ်ချက်ပြုထားပါတယ်။ ဒါကြောင့် ဒီနှစ်ဘောလုံးရာသီမှာ လာလီဂါရဲ့ ရွှေဖိနပ်ဆုအား ဒေးဗစ်ဗီလာ ရမရ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။ (အင်တာနက်)

# ယူရို ၂၀၁၂ ခြေစစ်ပွဲအဖွင့် အင်္ဂလန်အသင်း ဂိုးပြတ်အောင်ပွဲခံ

➤ ကောင်းမြတ်သူ - စုစည်းသည် ➤

လန်ဒန် စက်တင်ဘာ ၄

ယူရို ၂၀၁၂ ခြေစစ်ပွဲများကို စက်တင်ဘာ ၄ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အင်္ဂလန်အသင်းက ဝင်ဘာလေကွင်း၌ ဘူလ်ဂေးရီးယားအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။

အင်္ဂလန်အသင်းအတွက် တိုက်စစ်မှူး ဒီဖိုးက ဟက်ထရစ်ဂိုးသွင်းယူခဲ့သည်။ ပွဲစပြီး သုံးမိနစ်မှာ တစ်ဂိုး၊ ဒုတိယပိုင်း ၆၁မိနစ်နှင့် ၈၆မိနစ်မှာ တစ်ဂိုးစီသွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၈၃မိနစ်တွင် အဒမ်ဂျွန်ဆင်က အင်္ဂလန်အသင်းအတွက် တစ်ဂိုး သွင်းယူပေးခဲ့



အင်္ဂလန်တိုက်စစ်မှူး ဒီဖိုးက ဘူလ်ဂေးရီယားဘက်သို့ ဤသို့ ဂိုးသွင်းယူခဲ့သည်။

သည်။ မန်စီးတီးကစားသမား အဒမ်ဂျွန်ဆင်က အာဆင်နယ်တိုက်စစ်မှူး ဝေါကော့သ်အစား ဝင်ကစားသူဖြစ်ပြီး အင်္ဂလန်အသင်း၏ တတိယအနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သည်။

တိုက်စစ်မှူးဒီဖိုးသည် ယင်းပြိုင်ပွဲတွင် ဟက်ထရစ်ဂိုးသွင်းယူခဲ့သော်လည်း အနည်းငယ်ဒဏ်ရာရထားကြောင်း သိရသည်။ လာမည့် ဆွစ်ဇာလန်အသင်းနှင့် ကစားမည့်ပွဲတွင် ပါဝင်ကစားမည် မကစားမည်မှာ မသေချာဘဲရှိနေသည်။ အင်္ဂလန်အသင်းနှင့် ဆွစ်ဇာလန်အသင်းတို့သည် စက်တင်ဘာ ၁၄ရက်တွင် ဒုတိယမြောက် ယူရို ခြေစစ်ပွဲအဖြစ် ကစားရန်ရှိသည်။

အင်္ဂလန်အသင်းသည် ယူရို ၂၀၁၂ ခြေစစ်ပွဲ အဖွင့်ပွဲစဉ်တွင် အနိုင်ရလိုက်သဖြင့် နည်းပြကာပယ်လို ဖိအားပေးခံရမှု အတိုက်အလျော့ လျော့ပါးစေခဲ့သည်။ အင်္ဂလန်နည်းပြ ကာပယ်လိုသည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် အင်္ဂလန်အသင်း မအောင်မြင်ခဲ့၍ ပရိသတ်၏ ဖိအားပေးခံနေရသည်။

### ဘယ်လ်ဂျီယံ - ဂျာမနီ

ဘယ်လ်ဂျီယံနှင့် ဂျာမနီတို့ကစားခဲ့သည့်ပွဲတွင် ဂျာမနီက တစ်ဂိုးတည်းဖြင့် ကပ်နိုင်ခဲ့သည်။ ဂျာမနီအသင်းတွင် အသင်းခေါင်းဆောင် မိုက်ကယ်ဘောလက် ပြန်လည် ကစားနိုင်ပြီဖြစ်သည်။ ၎င်းသည်



ဆလိုဗေးနီးယားနှင့် မြောက်အိုင်ယာလန်တို့ ဤသို့ အကြိတ်အနယ်....။

ကမ္ဘာ့ဖလားမတိုင်မီ ဒဏ်ရာရခဲ့သဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် လွဲချော်ခဲ့ရသည်။ နာမည်ကြီး အီတလီအသင်းက အက်စ်တိုးနီးယားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။

ကမ္ဘာ့ဖလားတွင် အုပ်စုပွဲမှ ပြန်ခဲ့ရသော ပြင်သစ်အသင်းက ဘီလာရုစ်ကို တစ်ဂိုး - ဂိုးမရှိဖြင့် ရှုံးသွားခဲ့သည်။ ပြင်သစ်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲအပြီး ပုံမှန်ခြေစွမ်း ပျောက်နေဆဲဖြစ်သည်။

### လက်ရှိချန်ပီယံ

လက်ရှိချန်ပီယံ စပိန်အသင်းသည် လက်ချင်စတိန်းအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည်။ တောင်အာဖရိက၌ ကျင်းပသော ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သော စပိန်အသင်းသည် ပုံမှန်ခြေစွမ်းပြနေဆဲဖြစ်သည်။ ဒေးဗစ်ဗီလာ၊ အင်နီယေစတာ၊ ပူယိုးလ်စသည့် ဘာစီလိုနာကစားသမားများက စပိန်အသင်းကို ဦးဆောင်ကစားနိုင်ခဲ့သည်။ စပိန်အသင်းသည် ဘောလုံးပိုင်ဆိုင်မှုအများဆုံးဖြင့် လက်ချင်စတိန်းနောက်တန်းကို စိုးမိုးကစားပြီး ပွဲသိမ်းခဲ့သည်။

### အခြားပွဲရလဒ်များ

| | | | | |
|---|---|---|---|---|
| အင်ဒိုရာ | ၀ | - | ၂ | ရုရှား |
| အာမေးနီးယား | ၀ | - | ၁ | အိုင်ယာလန် |
| ဖာရိုကျွန်းစု | ၀ | - | ၃ | ဆားဘီးယား |
| ဂရိ | ၁ | - | ၁ | ဂျော်ဂျီယာ |
| အိုက်စလန် | ၁ | - | ၂ | နော်ဝေး |
| ကာဇက်စတန် | ၀ | - | ၃ | တူရကီ |
| လစ်သူယေးနီးယား | ၀ | - | ၀ | စကော့တလန် |
| လူဇင်ဘတ် | ၀ | - | ၃ | ဘော့စနီးယား |
| မော်ဒိုဗာ | ၂ | - | ၀ | ဖင်လန် |
| ပေါ်တူဂီ | ၄ | - | ၄ | ဆိုက်ပရပ်စ် |
| ရိုမေးနီးယား | ၁ | - | ၁ | အယ်လ်ဘေးနီးယား |
| ဆန်မာရီနို | ၀ | - | ၅ | နယ်သာလန် |
| ဆလိုဗေးနီးယား | ၀ | - | ၁ | မြောက်အိုင်ယာလန် |
| ဆွီဒင် | ၂ | - | ၀ | ဟန်ဂေရီ |

(အင်တာနက်)

# ရွှေစင်စကြာ အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး ရန်ကုန်-ကျောက်ပန်းတောင်း-ပုဂံ-ညောင်ဦး စတင်ပြေးဆွဲ

ရန်ကုန် စက်တင်ဘာ ၄



ရွှေစင်စကြာ အဆင့်မြင့် ခရီးသည် ပို့ဆောင်ရေး လုပ်ငန်းက အဆင့်မြင့်လေအိတ် (Aircon) ကားကြီး (၃၃)စီးဖြင့် ရန်ကုန်-နေပြည်တော်-မန္တလေး-ပြင်ဦးလွင်-မုံရွာ-ဘားအံ-မော်လမြိုင် ခရီးစဉ်များ ပြေးဆွဲလျက်ရှိရာ ရန်ကုန်-ကျောက်ပန်းတောင်း-ပုဂံ-ညောင်ဦး နှင့် ညောင်ဦး-ပုဂံ-ကျောက်ပန်းတောင်း-ရန်ကုန် ခရီးစဉ်ကို စက်တင်ဘာ ၅ရက် ညနေ ၅နာရီခွဲမှစ၍ နေ့စဉ် တိုးချဲ့ပြေးဆွဲသွားမည်ဖြစ်သည်။

ရွှေစင်စကြာ အဆင့်မြင့်ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းက မြန်မာနိုင်ငံအနှံ့ ခရီးစဉ်များ ပြေးဆွဲရာတွင် ခရီးသည်များ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် ဝန်ဆောင်မှုများပေးသည့်အပြင် လမ်းခရီးတွင် မော်တော်ယာဉ်များ စက်ချွတ်ယွင်းမှုဖြစ်ပါက အရန်မော်တော်ယာဉ်များဖြင့် ချက်ချင်းအစားထိုးပြေးဆွဲနိုင်ရန် စီစဉ်ထားသည်။ထို့အပြင် ရွှေစင်စကြာ အဆင့်မြင့် ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းက ယခု စက်တင်ဘာလအတွင်း ရန်ကုန်-မုံရွာ-ရွှေဘို ခရီးစဉ်ကိုလည်း ထပ်မံတိုးချဲ့ပြေးဆွဲသွားမည်ဖြစ်သည်။

ခရီးသွားလက်မှတ်များကို ဖုန်းဖြင့်ကြိုတင်မှာယူပါက အိမ်အရောက် အခမဲ့ ပို့ဆောင်ပေးမည်ဖြစ်ပြီး ပခုက္ကူမြို့မှ ခရီးသည်များအတွက် ပေါက်လမ်းနှင့် မြိုင်လမ်းဆုံတွင် လက်မှတ်အရောင်းဌာနကို ဖွင့်လှစ်ရောင်းချပေးထားသည်။ခရီးသွားလက်မှတ်များ ဝယ်ယူလိုပါက ရန်ကုန်-အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်း အမှတ် (၁၆၊ ၁၇၊ ၁၈၊ ''ပ''ဝင်း) ဖုန်း- ၀၁-၇၀၅၀၂၀၊ ၆၃၇၂၃၃၊ အောင်ဆန်းကွင်း တောင်ဘက်တန်း အခန်း G-10 ဖုန်း- ၀၉-၅၁၅၅၃၃၉၊ ၀၉-၅၁၄၆၂၆၅၊ ၀၉-၅၁၉၇၁၃၅ နှင့် ၀၁-၇၂၁၉၉၄၊ ဦးချစ်မောင်လမ်း ရတနာပန်းခြံအနီး ဥတ္တလစ် တာမွေမြို့နယ် ဖုန်း-၀၁-၇၀၅၅၁၅နှင့် ၀၁-၇၀၉၅၂၁၊ နေပြည်တော် ဖုန်း ၀၆၇-၃၈၃၅၇နှင့် ၀၆၇-၃၈၂၆၉၊ မန္တလေးဖုန်း-၀၂-၇၁၈၄၅နှင့်၀၂-၆၄၄၉၈၊ ပြင်ဦးလွင် ဖုန်း-၀၈၅-၂၁၉၉၄၊ မုံရွာ ဖုန်း-၀၇၁-၂၈၁၆၆၊ မော်လမြိုင်အခန်းအမှတ်(B-1) မြေနီကုန်းအဝေးပြေးယာဉ်ရပ်နားစခန်း ဖုန်း- ၀၉-၈၇၀၁၂၇၉၂၊ ၀၉-၆၈၁၈၁၁၃ နှင့် ၀၉-၄၉၈၁၅၀၂၃၊ ဘားအံ အဝေးပြေး ယာဉ်ရပ်နားစခန်းဖုန်း- ၀၅၈-၂၂၁၉၆၊ ညောင်ဦးအဝေးပြေးယာဉ်ရပ်နားစခန်း ဖုန်း-၀၉-၈၇၀၃၉၂၈နှင့် ၀၉-၈၆၁၈၀၀၉ တို့သို့ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

*မြေအောက် ခြောက်မိုင်ကို ဗဟိုပြုပြီး စက်တင်ဘာ၄ရက် (စနေနေ့) ဒေသစံတော်ချိန် နံနက် ၄နာရီ ၃၅ မိနစ်မှာလှုပ်ခဲ့တာဖြစ်ပါတယ်။ ကြောက်မက်ဖွယ် တုန်လှုပ်မှုကြောင့် အိပ်ရာကနိုးထတော့ ပြင်ပမှာ အဆောက်အအုံတွေက ပြိုကျနေပါပြီ။ ငလျင်ဟာ ရစ်ချ်တာစကေး ၇ဒသမ ၁အဆင့်ရှိလို့ အင်အားပြင်းထန်တဲ့ ငလျင်ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။*

*ပျက်စီး*

*ငလျင်လှုပ်မှုကြောင့် အဆောက်အအုံနဲ့ နေအိမ်တွေပျက်စီးနေတာဟာ မြင်မကောင်းအောင်ဖြစ်ပြီး တံတားတွေ၊ ဓာတ်ငွေ့သိုလှောင်ကန်တွေ၊ မဟာဓာတ်အားလိုင်း တာဝါတိုင်ကြီးတွေ၊ နေအိမ်နဲ့ မော်တော်ယာဉ်တွေအများအပြားဟာ ပြိုကျပျက်စီးခဲ့ပါတယ်။ ငလျင်လှုပ်ချိန်မှာ တဝုန်းဝုန်းပြိုကျနေတဲ့ အဆောက်အအုံပြိုလဲသံတွေဟာ ခရစ်ချပ်မြို့တစ်မြို့လုံးမှာ ပွတ်လောရိုက်နေတယ်လို့ ဆိုပါတယ်။ အထိတ်အလန့် အော်ဟစ်ပြေးလွှားနေကြတဲ့ ပြည်သူတွေကို လမ်းမတွေပေါ်မှာ တွေ့မြင်နေကြရတယ်လို့ မျက်မြင်တွေ့ရှိသူတွေက ပြောကြားနေပါတယ်။*

*နေအိမ်ရာပေါင်းများစွာ ပျက်စီးခဲ့ပြီး ပြည်သူ ၄၀၀၀၀ ခန့် ငလျင်ဒဏ်ခံစားကြရပါတယ်။ ပျက်စီးဆုံးရှုံးမှုပမာဏကတော့ လက်ရှိအချိန်မှာ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံခန့်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။အဲဒီငလျင်လှုပ်မှုဟာ အချိန်စက္ကန့် ၄၀လောက် ကြာမြင့်တယ်လို့ ဆိုပါတယ်။ အမေရိကန် မြေငလျင်တိုင်းတာရေးဌာနကတော့ အဲဒီအင်အားပြင်းငလျင်မလှုပ်ခင်မှာ ရစ်ချ်တာစကေး ၅ဒသမ ၇အဆင့်ရှိတဲ့ ငလျင်တစ်ခု အချိန်မရွေးမနှောင်းမှာ လှုပ်ခဲ့တယ်လို့ ဖော်ပြထားပါတယ်။*

*ရိုက်ခတ်*

*ငလျင်ဒဏ်ကို ခရစ်ချပ်မြို့အပါအဝင် အနီးမှာရှိတဲ့ တီမာရူဆိပ်ကမ်းမြို့လည်း ရိုက်ခတ်ခံစားရပြီး နေအိမ်အဆောက်အအုံတွေ ပျက်စီးခဲ့ပါတယ်။ ငလျင်ဒဏ်ကြောင့် မဟာဓာတ်အားလိုင်းတာဝါတိုင်ကြီးတွေ ပြိုလဲခဲ့တာမို့ခရစ်ချပ်၊ တီမာရူနဲ့ ဒွန်ဒင်မြို့တွေမှာ ဓာတ်အားပြတ်တောက်နေပါတယ်။ ရေဖြန့်ဝေမှု၊ ဆက်သွယ်ရေး ပြတ်တောက်မှု၊ အဆောက်အအုံတွေ ပြိုလဲနေတာမို့ မော်တော်ကားသွားလာမှုတွေလည်း ရပ်ဆိုင်းနေပါတယ်။*

*ဒါ့အပြင် ခရစ်ချပ်မြို့ နိုင်ငံတကာလေဆိပ်မှာလည်း ငလျင်ဒဏ်ကြောင့် ပျက်စီးမှုတွေဖြစ်ပြီး လေယာဉ်ပြေးလမ်းတွေလည်း ကွဲအက်ခဲ့တဲ့အပြင် လေဆိပ်စကြိုးလည်း ပြိုကျပျက်စီးခဲ့ပါတယ်။ ခရစ်ချပ်မြို့ တစ်မြို့လုံးဟာ အပျက်အစီးတွေနဲ့ နေရာတိုင်းမှာ ပြန့်ကြဲနေပါတယ်။ ဒါကြောင့် ခရစ်ချပ်မြို့ နိုင်ငံတကာလေဆိပ်ကို ရက်အကန့်အသတ်မရှိ ပိတ်ထားလိုက်ရပြီ ဖြစ်ပါတယ်။*

*ဆုံးရှုံး*

*နယူးဇီလန်နိုင်ငံဟာ ရစ်ချ်တာစကေး ၅အဆင့်ရှိတဲ့ ငလျင်ပေါင်း တစ်နှစ်ကို အကြိမ်ပေါင်းများစွာ လှုပ်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ ပစိဖိတ်ငလျင်ရပ်ဝန်းအတွင်း ကျရောက်နေတာမို့ ငလျင်ဒဏ်ကို ထူးထူးခြားခြားခံစားရတဲ့နိုင်ငံဖြစ်ပေမယ့် အခုလို အင်အားပြင်းထန်တဲ့ငလျင်မျိုးက ၁၉၆၈ခုနှစ်မှာ ရစ်ချ်တာစကေး ၇ဒသမ ၁အဆင့်ရှိတဲ့ ငလျင်လှုပ်ခဲ့ဖူးတဲ့ မှတ်တမ်းပဲရှိခဲ့တာပါ။ ဒါပေမယ့် အခုငလျင်လို ပျက်စီးဆုံးရှုံးမှု မများခဲ့ပါဘူး။*

*နယူးဇီလန်အစိုးရကတော့ ကယ်ဆယ်ရေးလုပ်ငန်းတွေ အမြန်ဆောင်ရွက်နေပြီး တစ်နိုင်ငံလုံးက အကူအညီပေးရေးအဖွဲ့တွေကို ငလျင်ဒဏ်ခံစားရတဲ့ ခရစ်ချပ်မြို့ကို စေလွှတ်နေပြီ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတကာက အကူအညီပေးရေးအဖွဲ့တွေကိုလည်း လာရောက်ကူညီကြဖို့ မေတ္တာရပ်ခံထားပါတယ်။*

*နယူးဇီလန်နိုင်ငံဟာ ကမ္ဘာ့မြေအတွင်းပိုင်းမှာ အင်ဒို-ဩစတြေးလျပြတ်ရွေ့ကြီးနဲ့ ပစိဖိတ်ပြတ်ရွေ့ကြီးနှစ်ခုထိစပ်ရာ ဧရိယာအတွင်းတည်ရှိနေတာမို့ ငလျင်ဒဏ်ကို အခုလိုကြုံတွေ့ရတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် မှန်းဆလို့မရတဲ့ သဘာဝဘေးတွေဟာ ကမ္ဘာ့ပြည်သူတွေကို စိန်ခေါ်နေတာကတော့ မျက်မှောက်ခေတ်ဖြစ်ရပ်တွေက သက်သေခံနေပါကြောင်း....။ ။ (အင်တာနက်)*

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

## နယူးဇီလန်မှာလှုပ်ခဲ့သည့် ထိတ်လန့်ဖွယ်ငလျင်

ကိုသစ္စာ
ရေးသားသည်



ကြိုတင်ခန့်မှန်းရခက်တဲ့ သဘာဝဘေးတွေထဲမှာ ငလျင်လှုပ်မှုက ထိပ်ဆုံးနေရာမှာ ပါဝင်နေပါတယ်။ ငလျင်လှုပ်မှုဟာ သေဆုံးမှု၊ ပျက်စီးဆုံးရှုံးမှုတွေ များလွန်းတာမို့ ကမ္ဘာတစ်ဝန်းက သိပ္ပံပညာရှင်တွေဟာ ငလျင် ကြိုတင်သိရှိနိုင်ရေး နည်းစနစ်တွေ ဖော်ထုတ်ခဲ့ပေမယ့် ပြည်သူတွေအတွက် ဘေးကင်းနိုင်လောက်တဲ့ ကြိုတင်သိရှိနိုင်မှုကို အကောင်အထည် မဖော်နိုင်သေးပါဘူး။ ကမ္ဘာတစ်ဝန်းမှာ နေ့စဉ် ငလျင်မလှုပ်တဲ့နေ့ မရှိဘူးလို့ ဩစတြေးလျနိုင်ငံက ဘူမိဗေဒပညာရှင် ပါမောက္ခ ဒေါက်တာဗာလော့ချ်က ပြောကြားနေပါတယ်။ ရစ်ချ်တာစကေးနည်းလွန်းလို့ သတိမထားမိတာပဲ ဖြစ်ပါတယ်။

အင်အားပြင်းထန်

စက်တင်ဘာ ၄ရက်ရဲ့ အင်တာနက်သတင်းတွေထဲမှာ နယူးဇီလန်နိုင်ငံရဲ့ ငလျင်လှုပ်မှုသတင်းက ထိတ်လန့်ဖွယ် ထွက်ပေါ်လာပါတယ်။ အဲဒီငလျင်ဟာ နယူးဇီလန်နိုင်ငံရဲ့ ဒုတိယအကြီးဆုံးမြို့ဖြစ်တဲ့ ခရစ်ချပ်မြို့ရဲ့အနောက်ဘက် ၁၉မိုင်အကွာ စာမျက်နှာ ၁၂ ကော်လံ ၅ ■

## မြန်မာ့အလင်း သတင်းဆောင်းပါးအညွှန်း



ခင်မောင်သန်း (စက်မှု)၏ 'စပါးနှင့် အခြားသီးနှံ ပိုမို စိုက်ပျိုးထုတ်လုပ်နိုင်ရေး အထောက်အကူပြုလာမည့် မုကွာ ရေလှောင်တမံ' သတင်းဆောင်းပါး။

(စာ-၁၁)



'ယူရို ၂၀၁၂ ခြေစစ်ပွဲ အဖွင့် ကာပယ်လို ဂိုးပြတ်အောင်ပွဲခံ' နိုင်ငံတကာအားကစား။

(စာ-၁၂)

## မိုးရွာသွန်းလေသမျှ ၄-၉-၂၀၁၀

| | |
|---|---|
| ရေးမြို့ | ၃ ဒသမ ၃၅ လက်မ |
| လောင်းလုံမြို့ | ၃ ဒသမ ၂၇ လက်မ |
| ထားဝယ်မြို့ | ၃ ဒသမ ၁၅ လက်မ |
| ဖျာပုံမြို့ | ၂ ဒသမ ၈၃ လက်မ |
| မအူပင်မြို့ | ၂ ဒသမ ၃၂ လက်မ |